# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ်(၃၃၄)


## ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူဘုရားဖူးလာပြည်သူများ လာရောက်ဖူးမြော်ကြည်ညို**

ပြည်တွင်းသတင်း | စာ ၇

### ယနေ့ ဖတ်စရာ

**ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် သံတမန်အဖွဲ့ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းနှင့် လှဖိုးခေါင်ယာယီနေရာချထားရေးစခန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး**

ပြည်တွင်းသတင်း | စာ ၃

**ရွေးကောက်ပွဲကျင်းပရာတွင် စဉ်းစားသုံးသပ်သင့်သည့် ကြိုတင်မဲပေးခြင်းဆိုင်ရာလုပ်ငန်းစဉ်များ**

ဆောင်းပါး | စာ ၁၀

**ဝန်ကြီးချုပ်ဆရတ်သာ ဦးဆောင်သည့်အစိုးရအဖွဲ့သစ်ကို ထိုင်းဘုရင် အတည်ပြု**

နိုင်ငံတကာသတင်း | စာ ၁၃

**အရှေ့အာရှ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စံပြစီမံကိန်းနှင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး**

ဆောင်းပါး | စာ ၁၆



## မစန်းပါး(၂) ဒီရေတော ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၉၆၂ ဧကရှိသောနယ်မြေကို **"မစန်းပါး(၂) ဒီရေတော ကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၀၀/၂၀၂၃)အရ ၁၃၈၅ခုနှစ်၊ ဝါခေါင်လဆန်း (၁၄) ရက်၊(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်၊ လေမုန်တိုင်းဒဏ်ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ပုစွန်စသော ရေသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန်ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

မစန်းပါး(၂) ဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် အဓိက ဒီရေတောသစ်မျိုးများဖြစ်သော ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ ကနစို၊ သမဲ့ကြီး၊ ကျနှ၊ ပင်လယ်အုန်း စသည့်အဖိုးတန်သစ်မျိုးများနှင့် လမု၊ လဘ၊ ဘူးဇရပ်၊ ပန်လုံး၊ သမဲ့ဖြူနှင့် ဓနိပင်စသည့် ဒေသမျိုးရင်း ဒီရေတောသစ်မျိုး

*စာမျက်နှာ ၄ ကော်လံ ၁* ✪



# ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ကျေးလက်ပြည်သူများ ပညာရည်မြင့်မားရေး ဦးစားပေး၍ အားပေးမြှင့်တင်ကြရမည်

မြန်မာ့အလင်း

နိုင်ငံတော်တွင် အသိအလိမ္မာ ဉာဏ်ပညာချို့တဲ့၍ ဗဟုသုတ အတွေ့အကြုံ ကြွယ်ဝမှုမရှိသော နိုင်ငံသားများ၊ အမှားအမှန် ဝေဖန်ပိုင်းခြားခြင်းငှာ မတတ်နိုင်သောနိုင်ငံသားများ၊ စဉ်းစားဉာဏ်နည်းပါး၍ သူတစ်ပါးပြောသမျှကိုသာလက်ခံလျက် နောက်ယောင်လိုက်တတ်သောနိုင်ငံသားများ၊ စိတ်ကူးကြံဆ တီထွင်တတ်သော စွမ်းရည်သတ္တိမရှိ နှလုံးရည်ကင်းမဲ့သော နိုင်ငံသားများ စသည်တို့ဖြင့်သာ ပြည့်နှက်နေပါမူ ထိုနိုင်ငံသည် လျင်စွာပြောင်းလဲတိုးတက်လျက်ရှိသော ကျွန်ုပ်တို့ကမ္ဘာနှင့် အသို့လျှင် ရင်ပေါင်တန်းလိုက်နိုင်ပါအံ့နည်း။ (ပြည်သူ့နီတိ-ဆရာကြီးဦးဘဖေ)

ဒီမိုကရေစီနိုင်ငံတွင် နိုင်ငံသားပီသရေးအတွက် လိုအပ်သော အရေးကြီးဆုံး အရည်အချင်းတစ်ရပ်မှာ "ဉာဏ်အမြော်အမြင်" (Intelligence) ဖြစ်သည်ဟုပညာရှင်တို့က ဆိုသည်။ နိုင်ငံသားတိုင်း ဉာဏ်အမြော်အမြင်ရှိစေရန်အတွက်ဆိုလျှင် အခြေခံပညာနှင့် အတွေ့အကြုံဗဟုသုတများလိုအပ်သည်။ နောက်ထပ်အရည်အချင်းမှာ နိုင်ငံသားတိုင်း "မိမိကိုယ်ကိုထိန်းသိမ်းစောင့်စည်းနိုင်ခြင်း" (Self-Control) ဖြစ်ပြီး ယဉ်ကျေးသိမ်မွေ့ခြင်း၊ စိတ်သဘောထားကြီးခြင်း၊ စည်းကမ်းလိုက်နာခြင်း၊ ရိုသေလေးစားစိတ်ထားရှိခြင်းစသည်တို့သည် ကိုယ်၊ နှုတ်၊ စိတ်တို့ကို စောင့်စည်းထိန်းသိမ်းနိုင်သည့် အရည်အချင်းများဖြစ်သည်။ ထို့အပြင်နိုင်ငံသားတိုင်းသည် "အကောင်းအဆိုးခွဲခြားတတ်သည့် အသိစိတ်" (Conscience) ရှိရန်လည်းလိုအပ်သည်။ အဆိုပါ အသိစိတ်က နိုင်ငံသားတစ်ဦးအဖို့ ရိုးသားဖြောင့်မတ်စွာနှင့် ဆင်ခြင်တုံတရားရှိစွာ လုပ်ကိုင်ဆောင်ရွက်စေရန် ထိန်းကျောင်းပေးသည်။ နိုင်ငံသားပီသရေးအတွက် အထက်ပါအရည်အချင်း (၃) ရပ်ကို ပညာသင်ကြားခြင်းမှသာ ရရှိနိုင်ခြင်းဖြစ်ရာ နိုင်ငံသားတိုင်းပညာတတ်မြောက်နိုင်စေရန်ပညာရေး၌ ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။

"ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို ဆောင်ရွက်ရာတွင် အဆိုပါစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သူ၊ ဦးဆောင်သူ၊ လိုက်နာကျင့်သုံးသူများအားလုံး အသိပညာ၊ အတတ်ပညာများ ရှိရန်လိုကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်ရန် အမြဲမပြတ် တိုက်တွန်းအားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာများ တတ်မြောက်ရန်လိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၃)၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ မိမိတို့နိုင်ငံ၏ လူဦးရေတွင် ကျေးလက်နေထိုင်သူဦးရေက သုံးပုံနှစ်ပုံကျော်ရှိပြီး မြို့ပြတွင်နေထိုင်သူက သုံးပုံတစ်ပုံခန့်ရှိသည်။ နိုင်ငံသားအားလုံး အခြေခံပညာ အလယ်တန်းအောင်မြင်ပြီးမြောက်သည်အထိ သင်ယူနိုင်စေရန် အခမဲ့ပညာရေးစနစ်ကို အလယ်တန်းအထိ သင်ကြားပေးလျက်ရှိရာ အလယ်တန်းကျောင်းများနှင့် မူလတန်းကျောင်းများ၏ တည်ရှိမှုအချိုးအစားမှာ ကျေးလက်က မြို့ပြထက်များစွာပိုသည်။ မြန်မာနိုင်ငံနှင့်အလားတူ အိန္ဒိယနိုင်ငံ၏ ကျေးလက်ပညာရေးတွင်လည်း ကျေးလက်ဒေသရှိ ကျောင်းများ အရည်အသွေးနိမ့်ကျခြင်း၊ ဆရာ ဆရာမ မလုံလောက်ခြင်း၊ ကျောင်းသုံးစာအုပ်နှင့် သင်ထောက်ကူပစ္စည်းများ မပြည့်စုံခြင်းတို့အပြင် ကျေးလက်ဒေသတွင် နေထိုင်သူများ ဆင်းရဲချို့တဲ့ခြင်းဟူသောအကြောင်းတို့ကြောင့် အလယ်တန်းပညာပင်မပြီးဘဲ ကျောင်းထွက်သူအများစုဖြစ်သည်ဟု ဆိုသည်။

ကျေးလက်နေပြည်သူများ ပညာရည်မြင့်မားလာရေးအတွက် ကျောင်းများ၏ ဥပမိရုပ်ကောင်းမွန်ရေး၊ ဆရာ ဆရာမများနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံရေးအပြင် ကျောင်းနေရာခိုင်နှုန်းမြင့်မားရေးနှင့် ပညာရေးကို အားပေးလာကြရန်လည်းလိုသည်။ ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းမြင့်မားလာရေး၊ လူနေမှုဘဝမြင့်မားလာရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအမံများကလည်း ကျေးလက်ပြည်သူများ ပညာရည်မြင့်မားရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ ပညာရည်မြင့်မားရေးသည် ပညာခေတ်အတွက် လိုအပ်ချက်ဖြစ်သည်နှင့်အညီ အမျိုးသားရေးအသွင် အားပေးမြှင့်တင်ကြရမည်ဟု ယုံကြည်ပါကြောင်း။ ။

## ဗလငါးတန်နှင့် ပြည့်စုံသော နည်းပညာရှင်များမွေးထုတ်ပေး

**နေပြည်တော် စက်တင်ဘာ ၂**

နိုင်ငံ့စီးပွားမြှင့်တင်ရေး MSME လုပ်ငန်းများမှ တန်ဖိုးမြှင့်ပို့ကုန်ကဏ္ဍဖွံ့ဖြိုးအောင် အထောက်အကူပြုနိုင်မည့် ကျွမ်းကျင်ပညာရှင်များကို စဉ်ဆက်မပြတ်မွေးထုတ်သွားရန်၊ ယင်းသို့ဆောင်ရွက်ရာတွင် အနာဂတ် နိုင်ငံ့တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ကြမည့် ကျောင်းသားလူငယ်များကို နည်းပညာအရည်အသွေး ပြည့်ဝရုံအပြင် ဗလငါးတန်နှင့် ပြည့်စုံစေကာ ရိုးရာယဉ်ကျေးမှုဓလေ့များကို မြတ်နိုးထိန်းသိမ်းတတ်သော၊ ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာတတ်သော နိုင်ငံ့သားကောင်းများ ဖြစ်ရေးအတွက် ပျိုးထောင် လေ့ကျင့်ပေးသွားရန်၊ စပါးခွံလောင်စာသုံး Gasifier အပါအဝင် ပြန်ပြည့်မြဲစွမ်းအင်နှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ လေ့ကျင့်သင်ကြားပေးမှုများကို ဖြည့်ဆည်းဆောင်ရွက်ရန်၊ ဒေသလိုအပ်ချက်နှင့် ကိုက်ညီ၍ လူတိုင်းလက်လှမ်းမီကာ ဘဝအာမခံချက်ခိုင်မာစေသော ကာလတိုသင်တန်းများကို ပုံမှန်ဖွင့်လှစ်၍ သင်တန်းဆင်းလူငယ်များ ဘဝအဆင့်မြင့်မားလာမှုများကို သင်တန်းသားသစ်များ စံပြုအတုယူနိုင်ရေး သုံးသပ်ပြုစုထားရန်၊ ဆရာများသည် အရည်အသွေး မြင့်မားရေးနှင့် လုပ်ငန်းများ အမှန်တကယ် တိုးတက်မှုရှိရေး အစဉ်အလေးပေး ဆောင်ရွက်သွားရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ကျောင်းများ၌ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တိုက်တွန်းပြောကြားသည်။ **(အောက်ပုံ)**

နံနက်ပိုင်း၌ ဒုတိယဝန်ကြီးသည် အစိုးရနည်းပညာ အထက်တန်းကျောင်း (နေပြည်တော်)တွင် ပင်မ သုံးထပ်ဆောင်သစ် ဆောက်လုပ်ပြီးစီးကာ စာသင်ခန်းများ ပြင်ဆင်ထားရှိမှု၊ အလုပ်ရုံများ၌ သင်ထောက်ကူ ပစ္စည်းများနှင့် Outdoor Fitness Equipment များ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)၌ စာသင်ခန်းနှင့် ကွန်ပျူတာခန်းများ ပြင်ဆင်ထားရှိမှုနှင့် အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ မိုးရာသီမဂျာပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲတို့ကို ကြည့်ရှုအားပေးပြီးနောက် မိုးရာသီ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲတို့တွင် အနိုင်ရရှိသည့်အသင်းများမှ ကျောင်းသားများအား ဂုဏ်ပြုဆုများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ထားဝယ်မြို့တွင် ပြေစာများအပေါ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်း၍ အသိပညာပေးဆွေးနွေး

**ထားဝယ် စက်တင်ဘာ ၂**

ပြေစာများအပေါ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် အခွန်ဦးစီးဌာနရုံး၌ ဩဂုတ် ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးမှူး ဦးမျိုးသော်က စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များ၊ ရွှေနှင့်လက်ဝတ်ရတနာ ရောင်းချသည့်လုပ်ငန်းရှင်များ၊ ရုပ်သံလွှင့်မီဒီယာဝန်ဆောင်မှု ဆောင်ရွက်သည့်လုပ်ငန်းရှင်များ၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်းနှင့် ဝန်ဆောင်မှု ဆောင်ရွက်ပေးသည့် လုပ်ငန်းရှင်များအနေဖြင့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ရောင်းချခြင်း/ ဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်းဖြင့် ရသင့်ရထိုက်သော အခွန်ငွေများ လွတ်ကင်းမှုမရှိစေဘဲ နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေသို့ ပွင့်လင်းမြင်သာစွာ ရောက်ရှိနိုင်သည်ကို သိရှိနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အခွန်ဦးစီးမှူးက ထားဝယ်မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား ကုန်သွယ်လုပ်ငန်းခွန်၊ အခွန်အမှတ်တံဆိပ် မှာကြားခြင်းနှင့် ထုတ်ယူခြင်း၊ အခွန်အမှတ်တံဆိပ် သတ်မှတ်ချက်နှင့် ကပ်နှိပ်ခြင်း၊ အခွန်ပေးသွင်းခြင်းနှင့် ကြေညာလွှာတင်သွင်းခြင်း၊ ပြေစာများအပေါ်၌ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် သံတမန်အဖွဲ့ တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေး စခန်းနှင့် လှဖိုးခေါင်ယာယီနေရာချထားရေးစခန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

**စစ်တွေ စက်တင်ဘာ ၂**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံအခြေစိုက် သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြပြီး မောင်တောမြို့နယ် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိကြသည်။



ယင်းနောက် စခန်းတာဝန်ခံနှင့် တာဝန်ရှိသူများက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပြန်လည်လက်ခံရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို ရှင်းလင်းပြသရာ **(အပေါ်ပုံ)** ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး စခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် ပြန်လည်ဝင်ရောက်လာမည့် နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားမည့် ကြိမ်ချောင်း(တောင်) ကျေးရွာသို့ ဆက်လက်ထွက်ခွာကြပြီး ကြိမ်ချောင်း(တောင်) ကျေးရွာရှိ အသင့်ဆောက်လုပ်ပြီး နေအိမ်များနှင့် မြေကွက်များကို လေ့လာကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် လှဖိုးခေါင် ယာယီနေရာချထားရေးစခန်းသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက ပြန်လည်ဝင်ရောက်လာမည့်သူများအား ပြန်လည်နေရာချထားခြင်း မပြုမီ စခန်းတွင် ခေတ္တနေထိုင်နိုင်ရေးနှင့် လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့များ ပံ့ပိုးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားကာ စခန်းအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် လေကြောင်းခရီးဖြင့် စစ်တွေမြို့မှ ပြန်လည်ထွက်ခွာကြပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် သံတမန်အဖွဲ့ တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်း၌ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ လေ့လာကြည့်ရှုကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် သံတမန်အဖွဲ့ တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေး စခန်းအတွင်း လေ့လာကြည့်ရှုကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် သံတမန်အဖွဲ့ ကြိမ်ချောင်း(တောင်) ကျေးရွာ၌ နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားမည့်အခြေအနေများနှင့်ပတ်သက်၍ လေ့လာကြည့်ရှုကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် သံတမန်အဖွဲ့ လှဖိုးခေါင် ယာယီနေရာချထားရေးစခန်း၌ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ပြင်ဆင်ထားမှုအခြေအနေများ လေ့လာကြည့်ရှုကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ကလောမြို့နယ် ဟဲဟိုးဥယျာဉ်ခြံ၏ လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ နံနက်ပိုင်းက ကလောမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၊ ဟဲဟိုးဥယျာဉ်ခြံ၏ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ခြံတာဝန်ခံတို့က မိုးရာသီ သီးနှံမျိုးစေ့ထုတ်လုပ်ငန်းနှင့် သုတေသနဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အာလူးမျိုးပွားခြင်းလုပ်ငန်း၊ ရေဆင်း(၁) စပ်မျိုးနေကြာ၊ ဘာဇမာတီနှင့် ရွှေရင်အေးမျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး မျိုးအာလူးနမူနာများနှင့် ဟဲဟိုးဥယျာဉ်ခြံအတွင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အင်းခေါင်းဆည်(ဟဲဟိုးကန်)၏ ဝင်ရေသိုလှောင်ထားရှိမှုနှင့်ဒေသအတွက် စိုက်ပျိုးရေ အကျိုးပြုနေမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းတို့သည် ဟဲဟိုးစိုက်ပျိုးရေး၊ မွေးမြူရေး သိပ္ပံကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများကို တွေ့ဆုံ၍ သင်ကြားမှု သင်ယူမှု လုပ်ငန်းဆိုင်ရာများကို မေးမြန်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုငွေပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟဲဟိုးစိုက်ပျိုးရေးသိပ္ပံကျောင်း၏ စာသင်ဆောင်များတွင် သင်ကြားရေးလုပ်ငန်းဆောင်ရွက်နေမှု၊ စားရိပ်သာများ၊ အိပ်ဆောင်များ၊ မွေးမြူရေးလက်တွေ့ သင်တန်းဆောင်များနှင့် လက်တွေ့ကွင်းဆင်းလုပ်ငန်းဝင် လေ့ကျင့်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟဲဟိုးမျိုးသန့်ခြံ၏ ယာစပါးမျိုး ခြောက်မျိုးယှဉ်ပြိုင်စမ်းသပ် စိုက်ပျိုးထားရှိမှုနှင့် ရေဆင်းစပ်မျိုးနေကြာ (၁) မျိုးစေ့ထုတ်စိုက်ခင်းနှင့် ရွှေညောင်မြို့ရှိ တာယောစိုက်ပျိုးရေးသုတေသနခြံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအား တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့သည် တောင်ကြီးမြို့နယ် အသေးစားမွေးမြူရေးမြေ ဖော်ထုတ်ရေး စီမံကိန်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက မြေယာအသုံးပြုမှုနှင့်ပတ်သက်၍ တည်ဆဲမြေယာဥပဒေ၊ နည်းဥပဒေများနှင့် အညီဖြစ်စေရန်၊ ရှင်းနီးမြှုပ်နှံနိုင်မှု သေချာပြီး လုပ်ငန်းအမှန်တကယ် ဆောင်ရွက်လိုသူများကိုဦးစားပေးဆောင်ရွက်ရန်၊ တစ်ဦးချင်း ရင်းနှီးမတည်ရန် ခက်ခဲနိုင်သော်လည်း ဆန္ဒသဘောထား ညီညွတ်သူအချင်းချင်း ပူးပေါင်း၍ လုပ်ငန်းထူထောင်ဆောင်ရွက်နိုင်မှု အခွင့်အလမ်းများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် လုပ်ထုံးလုပ်နည်းစံနှုန်း ရေးဆွဲပြုစုရေး ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၂**

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့်နောင်ထပ်မံ မဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure –SOP) ရေးဆွဲပြုစုရေး ပြည်ထောင်စုအဆင့်လုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်နှင့် ဝန်ကြီးဌာနအသီးသီးမှ ကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက (SOP)ရေးဆွဲပြုစုရေး ပြည်ထောင်စုအဆင့်လုပ်ငန်းကော်မတီအနေဖြင့် စိုက်ပျိုးရေးအခြေခံသော မိမိတို့နိုင်ငံတွင် လယ်ယာမြေအရင်းအမြစ်များကို ရေရှည်တည်တံ့စွာအသုံးချနိုင်ရေးအတွက် တည်ဆဲလယ်ယာမြေဥပဒေများကို မျက်ကွယ်ပြုပြီး လယ်မြေများကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရှိဘဲ မြို့မြေ ရွာမြေကဲ့သို့ အခိုင်အမာနေအိမ်ဆောက်လုပ်ခြင်း၊ အဆောက်အဦများ ဆောက်လုပ်ခြင်း၊ စက်ရုံအလုပ်ရုံများဆောက်လုပ်ခြင်း စသည့်ဥပဒေမဲ့လုပ်ဆောင်နေမှုများကို ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရန် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းများ ဖြစ်ပေါ်လာရေးအတွက် မြေပြင်လက်တွေ့အခြေအနေများကို ထိတွေ့ဆောင်ရွက်ရသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး ပြည်နယ်လုပ်ငန်းကော်မတီတို့၏ တင်ပြလာမှုများကို အခြေခံ၍ အကောင်းဆုံးရလဒ်တစ်ခုပြုစု၍ ဦးစီးကော်မတီသို့ တင်ပြဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

တိုးတက်ဖွံ့ဖြိုးလာသော စက်ရုံ အလုပ်ရုံများအတွက် မြေနေရာရရှိရေး၊ မှန်ကန်ရိုးသားစွာ လုပ်ဆောင်သည့် ပြည်သူများ နစ်နာမှုမရှိစေရေး စသည့်အခြေခံအချက်များကို စနစ်တကျလေ့လာဆန်းစစ်ပြီး အကောင်းဆုံးဖြည့်ဆည်းပေးနိုင်မည့် (Standard Operating Procedure–SOP) ပေါ်ထွက်လာရေးကို မိမိတို့ ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် SOP ရေးဆွဲပြုစုရေး ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ လယ်ယာမြေအပေါ် သုံးစွဲမှုကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးဌာနအသီးသီးမှ လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးကြသည်။

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure –SOP) ရေးဆွဲပြုစုခြင်းသည် လယ်ယာမြေများအပေါ် ဥပဒေမဲ့လုပ်ဆောင်နေမှုများအား စီမံခန့်ခွဲခြင်းလုပ်ငန်းများကို တည်ဆဲလယ်ယာမြေဥပဒေ၊ ဆက်စပ်ဥပဒေများနှင့်အညီ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်စေရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



◎ *ရှေ့ဖုံးမှ*

များအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဖျိုင်း၊ ကြက်တူရွေး၊ သိန်း၊ ပန်းဇင်ငှက်နှင့် ဒင်ကြီးငှက်စသည့် ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ပုစွန်များ စသည့်ရေနေသတ္တဝါများ ရှင်သန်ပေါက်ဖွားရာ အဏ္ဏဝါဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန**

# ရသေ့တောင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေး

**ရသေ့တောင် စက်တင်ဘာ ၂**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအရ ပြင်ရှည်(စဖိုကျွန်း)ကျေးရွာအုပ်စု အောင်ဝေကုန်းကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဦးစားပေးရွေးချယ် လုပ်ဆောင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါကျေးရွာ၌ ဆောင်ရွက်မည့်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ဩဂုတ်လနောက်ဆုံးပတ်တွင် ရသေ့တောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်မောင်ဦး (လက်ထောက်ညွှန်ကြားရေးမှူးနည်းပညာ)နှင့် တာဝန်ရှိသူများက ကျေးရွာအရောက်မြေပြင်ကွင်းဆင်းကာ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံပြီး အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် လုပ်ငန်းစတင်ဆောင်ရွက်နိုင်ရေး အစီအမံများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ပိုးလမ်းမမြို့တော်များ ခရီးသွားလာရေးမဟာမိတ်အဖွဲ့ စတင်တည်ထောင်ခြင်းအခမ်းအနားသို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး သည် ယမန်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျင်းသကျန်းမြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ပိုးလမ်းမမြို့တော်များ ခရီးသွားလာရေး မဟာမိတ်အဖွဲ့ (International Tourism Alliance of Silk Road Cities) စတင်တည်ထောင်ခြင်းအခမ်းအနားသို့ တက်ရောက်မိန့်ခွန်း ပြောကြားသည်။**




အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်က ယခုဖွဲ့စည်းသည့် မဟာမိတ်အဖွဲ့သည် ကမ္ဘာ့စီးပွားရေးကို အထောက်အကူဖြစ်စေရန် အလားအလာကောင်းများ ရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကိုမောင်းနှင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန်နှင့် မိမိတို့နိုင်ငံသားများ၏ လူမှုစီးပွား အခြေအနေများကို မြှင့်တင်ရန် ခရီးသွားလုပ်ငန်း၏ စွမ်းအားကို အသုံးချနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ကဏ္ဍအပြင် အခြားသောပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် များစွာရှိနေပြီးဖြစ်ကြောင်း၊ ယခု မဟာမိတ်အဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများနှင့် မြို့တော်များ အနေဖြင့်လည်း မြန်မာနိုင်ငံနှင့် ခရီးသွားလုပ်ငန်း ကဏ္ဍအပြင် အခြားသော ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရန် ဖိတ်ခေါ်လိုကြောင်း၊ မြန်မာနိုင်ငံတွင်ခရီးသွားများအတွက် ထင်ရှားကျော်ကြားသော ခရီးစဉ်လမ်းကြောင်းများ ဖြစ်သည့် ပုဂံယူနက်စကို ကမ္ဘာ့အမွေအနှစ်ဒေသ၊ အင်းလေးကန်၊ နေပြည်တော်ကျောက်မျက်ခန်းမနှင့် ကမ္ဘာ့အမြင့်ဆုံး ထိုင်တော်မူမာရဝိဇယစကျင်ဗုဒ္ဓရုပ်ပွားတော် စသည့်ခရီးစဉ်များကို လာရောက်လည်ပတ်ရန် ဖိတ်ခေါ်လိုကြောင်း၊ အဖွဲ့ဝင်မြို့တော်များ အနေဖြင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်း၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် နောင်လာမည့် မျိုးဆက်သစ်များ၏ ကောင်းကျိုးချမ်းသာကို ဖန်တီးပေးနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလာရေးလုပ်ငန်း ဖြစ်စေရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ ပိုးလမ်းမမြို့တော်များ ခရီးသွားလာရေး မဟာမိတ်အဖွဲ့ (International Tourism Alliance of Silk Road Cities) စတင်တည်ထောင်ခြင်း အခမ်းအနားသို့ တရုတ်နိုင်ငံမှ မြို့တော် ၂၂ မြို့နှင့် နေပြည်တော် မြို့တော်အပါအဝင် အာရှ၊ ဥရောပ၊ အာဖရိက၊ အမေရိက ဒေသများရှိ နိုင်ငံ ၂၅ နိုင်ငံမှ မြို့တော် ၃၆ မြို့ စုစုပေါင်းအဖွဲ့ဝင်မြို့တော် ၅၈ မြို့ဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပွင့်ဖြူမြို့နယ်၌ မိုးစပါးစိုက်ပျိုးထားရှိမှု၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ကြဲပက်နေမှုကြည့်ရှုအားပေး သက်ကြီးစပါးမျိုးအစား သက်တမ်းတို အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးဆောင်ရွက်ရန် မှာကြား

**မကွေး စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးနှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၉၁၀) တောင်သူ ဒေါ်ဌေးဌေးဝင်း၏ တစ်နှစ် သုံးသီးစိုက်သီးနှံပုံစံ စံပြကွက်သို့ရောက်ရှိပြီး မိုးစပါးစိုက်ပျိုးထားရှိမှု၊ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာကြဲပက်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တစ်နှစ်သုံးသီးစိုက် သီးနှံပုံစံတွင် သက်ကြီးစပါးမျိုးအစား သက်တမ်းတို အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးဆောင်ရွက်ရေး၊ ကုလားပဲသီးနှံ အချိန်ကိုက်စိုက်ပျိုးနိုင်ရေးနှင့် နွေနှမ်းသီးနှံများ စိုက်ပျိုးရာတွင် စိမ့်မြောင်းပတ်မြောင်းများဖြင့် စိုက်ပျိုးသွားရန်နှင့် မိုးရွာသွန်းမှုများပါက သီးနှံပျက်စီးဆုံးရှုံးမှုမရှိစေရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တပ်မတော်ဝါ စိုက်ပျိုးရေးတပ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးဆောင်ရွက်ထားရှိသော ချည်မျှင်ရှည်ဝါစံပြကွက် ၁၀ ဧက စိုက်ကွင်းတွင် စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ဝါပင်သက်တမ်းအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်သွားကြရန်နှင့် ဝါပန်းတိုင်အထွက်နှုန်း တစ်ဧကပိဿာ ၇၀၀ ရရှိရေး ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် ကိုင်းတောကြီးကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ် ၁၂၈၇၊ လက်တိုတောင်ကွင်းအတွင်း ယာမြေ ၁၇၂ ဒသမ ၂၇ ဧကပေါ်၌ ဦးတိုးကြွယ်မှ ဧကကွက်များ ဖော်ထုတ်၍ ယာမှုလယ်ပြောင်းကာ မိုးစပါးသီးနှံနှင့် ရာသီသီးနှံများ စိုက်ပျိုးလုပ်ကိုင်နေမှုကို ကြည့်ရှုအားပေးကြောင်း သိရသည်။

**မောင်ညီညာ**

# အမ်းမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော လမ်းတံတားများ ကွင်းဆင်းစစ်ဆေး

**အမ်း စက်တင်ဘာ ၂**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော လမ်းတံတားများကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုပါကွင်းဆင်းစစ်ဆေးခြင်းကို ကျောက်ဖြူခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမောင်မောင်ကျော်၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာန(QC) ဦးစီးအရာရှိ(မြို့ပြ)ဦးမောင်မောင်မိုးဝင်းနှင့်အဖွဲ့၊ အမ်းမြို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်မိုးခိုင်နှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/ ပြည်နယ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော ဒိုင်ကြီး – ကြောင်ဖြူကွင်း – ရပ်သာကျေးရွာချင်းဆက်လမ်းနှင့် မြောက်ပိုင်းရပ်ကွက် – ဆူးပုတ်ပျဉ်တောကျေးရွာချင်းဆက်လမ်းတည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်စစ်ဆေးပြီး လုပ်ငန်းများနှင့်ပတ်သက်၍ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်တွင် အချိန်မီပြီးစီးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။




**မြို့နယ် (ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရတနာပုံတက္ကသိုလ်၌ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူမှုလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၂**

ရတနာပုံတက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ စီမံရေးရာဝန်ထမ်းများအတွက် အီလက်ထရောနစ်စနစ်ဖြင့် Smard Card မှတ်ပုံတင်ထုတ်ပေးနိုင်ရန် ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric)များ မြေပြင်ကွင်းဆင်းကောက်ယူမှုလုပ်ငန်းကို ယနေ့နံနက် ၉ နာရီက ရတနာပုံတက္ကသိုလ်ရှိ ပင်မဆောင် (မြေညီထပ်)၌ ပြုလုပ်သည်။

အဆိုပါ မြေပြင်ကွင်းဆင်းကောက်ယူမှုလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် အမရပူရခရိုင်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်နိုင်မင်းနှင့် တာဝန်ရှိသူများသည် ရတနာပုံတက္ကသိုလ်၌ တာဝန်ထမ်းဆောင်နေသော ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတို့၏ Biographic Data နှင့် Biometric Data များ ကောက်ယူ၍ Database တွင်သိမ်းဆည်းပြီး ဂဏန်း ၁၀ လုံးပါဝင်သည့် Unique ID နံပါတ်သတ်မှတ်၍ Smard Card မှတ်ပုံတင်ထုတ်ပေးနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင် – မန္တလေး**

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ စက်တင်ဘာ ၄ ရက်မှစ၍ လှူဝင်ကြေး အခမဲ့ဖြင့် ဆက်လက်ဝင်ရောက်ဖူးမြော်ကြည်ညိုနိုင်

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားကိုးကွယ်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှ စတင်၍ ရဟန်းရှင်လူပြည်သူများအား အခမဲ့ဖူးမြော်ကြည်ညိုခွင့်ပြုပေးခဲ့ကာ နေ့စဉ် နိုင်ငံတစ်ဝန်းမှ ရဟန်းသံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

စက်တင်ဘာ ၄ ရက်မှစ၍ လာရောက်ဖူးမြော်ကြသူများအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥယျာဉ်တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လိုအပ်သည့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုသိုလ်တော်အဖြစ် ပါဝင်နိုင်ရေးအတွက် ဖော်ပြပါနှုန်းထားများအတိုင်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်-

(၁) လှူဝင်ကြေး **(အခမဲ့)** - **အခမဲ့။**

(၂) ဖုန်း ၁ လုံး(ကင်မရာအပါ) - ၁၀၀၀/-ကျပ်။
(ကင်မရာပါသောဖုန်းများသာကောက်ခံပြီး Keypad ဖုန်းများမကောက်ခံပါ)

(၃) အပျော်ရိုက်ကင်မရာ - ၅၀၀၀/-ကျပ်။

(၄) အလှဓာတ်ပုံရိုက်/ Video (Pre Wedding အပါအဝင်) - ၅၀၀၀၀/-ကျပ်။
(၂ နာရီ) (နာရီဝက်ပိုတိုင်း - ၅,၀၀၀ကျပ်)

(၅) ဥယျာဉ်တော်အတွင်းယာဉ်ရပ်နားကွင်း ယာဉ်ငယ် ၁ စီး - ၂၀၀၀၀/-ကျပ်။
(အိမ်စီးယာဉ်ငယ်များကိုသာ ဥယျာဉ်တော်အတွင်းဝင်ခွင့်ပြုပါသည်။ ယာဉ်ကြီးနှင့် ဆိုင်ကယ်များ ဥယျာဉ်တော်ပြင်ပတွင် ရပ်နားရန်။)

(၆) **Buggy စီးနင်းခြင်း** ။ အသက်အရွယ်ကြီးရင့်သူများနှင့် ကျန်းမာရေးမကောင်းသူများအတွက်သာ Buggy အခမဲ့စီးနင်းနိုင်ရန် စီစဉ်ထားခြင်းဖြစ်ပါကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

သတင်းစဉ်

## မြန်မာနိုင်ငံမှာ စကျင်ကျောက်နဲ့ တည်ဆောက်ထားတဲ့ ကမ္ဘာ့အကြီးဆုံး ရုပ်ပွားတော်ကြီးအဖြစ် ကိုးကွယ်ခွင့်ရတဲ့အတွက် တကယ်ကို ဂုဏ်ယူစရာကောင်းပါတယ်။

ဦးကျော်ဇေယျ

ကြည်ညိုသပ္ပာယ်ဖွယ် ကောင်းလှသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့သည့် ဩဂုတ် ၈ ရက်မှ ယနေ့အထိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ဘုရား၊ ကျောင်း၊ ကန်၊ သာသနိက အဆောက်အဦများကိုလည်း စိတ်ဝင်တစားလေ့လာလျက်ရှိကြရာ ဘုရားဖူးလာပြည်သူများနှင့် တွေ့ဆုံ၍ ဘုရားကြီး ဖူးမြော်ရခြင်းအတွက် ရင်တွင်းခံစားချက်၊ စိတ်ချမ်းမြေ့ဖွယ်ရာ ဘုရားဖူး အတွေ့အကြုံများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းဖော်ပြလိုက်ရပါသည်။


ဦးမင်းမင်းထွန်း


ဒေါ်မာမာဦး


ဦးကျော်ဇေယျ


ဒေါ်နွယ်ဝေလွင်


မောင်လှိုင်မင်းဖြိုး

**ဦးမင်းမင်းထွန်း(ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)**

ကျွန်တော်တို့က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ စီမံပေးမှုနဲ့ လာရောက်ဖူးမြော်ကြည်ညိုကြတာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တိုင်းအဆင့်ဌာနဆိုင်ရာ စုစုပေါင်း ၄၅ ခုက အရာထမ်း၊ အမှုထမ်း ၉၄၅ ဦး၊ Express ၂၁ စီးနဲ့ လာရောက်ဖူးမြော်ကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့အတူ တစ်နေ့တည်းမှာပဲ အစိုးရအဖွဲ့အစီအစဉ်နဲ့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီကလည်း အရာထမ်း၊ အမှုထမ်း ၁၀၀၀ ခန့်၊ Express ၂၈ စီးနဲ့ လာရောက် ဖူးမြော်ကြပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ မနက်ဖြန် တနင်္ဂနွေနေ့မှာလည်း နောက်ထပ် လာရောက်ဖူးမြော်ဖို့ ရှိပါသေးတယ်။

ကမ္ဘာပေါ်က ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များထဲမှာ ဉာဏ်တော်အမြင့်ဆုံးဘုရားတစ်ဆူဖြစ်တဲ့အတွက် မြန်မာလူမျိုးတစ်ယောက်အနေနဲ့ ဂုဏ်ယူပြီး ဝမ်းသာပီတိဖြစ်ရပါတယ်။ ကမ္ဘာမှာ ထင်ထင်ရှားရှား ဘုရားတစ်ဆူအဖြစ် တည်ရှိလာမှာဖြစ်တဲ့အတွက် ပိုပြီးကြည်နူးမိပါတယ်။ နောင်တစ်ချိန်မှာ မာရဝိဇယဘုရားကြီးက ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားတဲ့ ပြယုဒ်တစ်ခုအဖြစ် တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဗိသုကာလက်ရာ ဆိုရင်လည်း မြန်မာမှုတွေနဲ့ လက်ရာပြောင်မြောက်အောင် ထွင်းထုထားတာတွေ့မြင်ရတဲ့အတွက် တကယ်ကို အံ့မခန်းဖြစ်မိပါတယ်။

သာသနိက အဆောက်အဦးတွေဆိုရင်လည်း ဗိသုကာလက်ရာပြောင်မြောက်လို့ မြန်မာမှာ ဒီလို အင်ဂျင်နီယာတွေ၊ ဗိသုကာပညာရှင်တွေရှိတာ တွေ့ရလို့ ဝမ်းသာပါတယ်။ ကျောက်စာရုံစေတီအဆူ ၇၂၀ ဆိုရင်လည်း ဘာသာနှစ်မျိုးနဲ့ ရေးထိုးထားတာဖြစ်တဲ့အတွက် ဘုရားကြီးလာရောက်ဖူးမြော်သူတွေ အတွက်ရော သာသနာအတွက်ပါ တန်ဖိုးမဖြတ်နိုင်အောင် ကောင်းမွန်တယ်လို့ ပြောချင်ပါတယ်။ ဒါကြောင့် အနယ်နယ်အရပ်ရပ်က ပြည်သူတွေ ဘုရားကြီးကို မရောက်ရောက်အောင် လာဖူးကြပါလို့လည်း ပြောချင်ပါတယ်။

**ဒေါ်မာမာဦး (ပညာရေးဝန်ထမ်း၊ ရန်ကုန်တိုင်းဒေသကြီး)**

ကျွန်မ မာရဝိဇယဘုရားကြီးကို သတင်းစာ၊ ရုပ်မြင်သံကြားနဲ့ ဆိုရှယ်မီဒီယာတွေမှာပဲ ဖူးမြော်ခဲ့ရတာ ဖြစ်ပါတယ်။ အခုလို အပြင်မှာ ဖူးမြော်ခွင့်ရလိုက်တော့ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မတို့ ဝန်ထမ်းတစ်ဖွဲ့လုံး တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စီမံမှုနဲ့ လာရောက်ဖူးမြော်ကြတာ ဖြစ်ပါတယ်။ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်ကြီးက ကမ္ဘာမှာ ဉာဏ်တော် အမြင့်ဆုံးဆိုတော့ ပိုပြီး ဝမ်းသာဂုဏ်ယူ ဖြစ်ရပါတယ်။ ၂၄ ပစ္စည်းကို ဗိသုကာလက်ရာနဲ့ ပြောင်မြောက်အောင် ထွင်းထုထားလို့ အံ့သြမဆုံးပါပဲ။ သာသနာ့ဗိမာန်နဲ့ ကျောက်စာရုံ စေတီတော်တွေကလည်း ဘုရားကြီးနဲ့ အင်မတန် ပနံတင့်လှပါတယ်။ အဲဒါကြောင့် မာရဝိဇယ ဘုရားကိုလာပြီး ဖူးမြော်ကြပါလို့ ပြောချင်ပါတယ်။

**ဦးကျော်ဇေယျ (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်း၊ ရန်ကုန်တိုင်းဒေသကြီး)**

ဘုရားကြီးကို ရုပ်မြင်သံကြားမှာ ဖူးမြော်ရကတည်းက သွားဖြစ်သူကလည်း ဖူးချင်တယ်လို့ ပူဆာနေခဲ့တာပါ။ ဒီနေ့တော့ ကျွန်တော်တို့ ဝန်ထမ်းတွေ ဖူးခွင့်ရအောင် အစိုးရအဖွဲ့ရဲ့ အစီအမံနဲ့ လာရောက်ဖူးမြော်ခွင့်ရရှိပြီဖြစ်ပါတယ်။ အခုလို အပြင်မှာ ဖူးခွင့်ရတော့စိတ်ထဲမှာကြည်နူးပီတိတွေလည်း ဖြစ်မိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စကျင်ကျောက်နဲ့ တည်ဆောက်ထားတဲ့ ကမ္ဘာ့အကြီးဆုံးရုပ်ပွားတော်ကြီးအဖြစ် ကိုးကွယ်နိုင်ခွင့် ရတဲ့အတွက် တကယ်ကို ဂုဏ်ယူစရာကောင်းပါတယ်။

ကျွန်တော် ကိုယ်တိုင်လည်း မြန်မာနိုင်ငံသား တစ်ယောက်ဖြစ်ရတာ ဝမ်းသာပီတိဖြစ်မိပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေကိုလည်း လာရောက်ဖူးမြော်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဂုဏ်ယူစရာကောင်းတဲ့ မာရဝိဇယ စေတီတော်ကြီးကို လာရောက်ဖူးမြော်ပြီး ကုသိုလ်ဒါနတွေပြုကြပါလို့ နှိုးဆော်ချင်ပါတယ်။

**ဒေါ်နွယ်ဝေလွင် (ဝန်ထမ်းမိသားစု၊ ရန်ကုန်တိုင်းဒေသကြီး)**

မာရဝိဇယ ဘုရားကြီးကို ရုပ်မြင်သံကြားနဲ့ ဆိုရှယ်မီဒီယာပေါ်မှာပဲ ဖူးမြော်ခဲ့ရတာ ဖြစ်ပါတယ်။ ဒီနေ့တော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဝန်ထမ်းမိသားစုတွေကို ဘုရားဖူးပို့တယ်ဆိုတော့ ဖူးမြော်ချင်နေတဲ့ ဆန္ဒတွေ ပြည့်ဝသွားပြီဖြစ်ပါတယ်။ ဘုရားကြီးကို အပြင်မှာ မျက်ဝါးထင်ထင် ဖူးမြော်ခွင့်ရလိုက်တော့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ မြန်မာနိုင်ငံမှာ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်တွေထဲမှာ အကြီးဆုံးအဖြစ် တည်ထားကိုးကွယ်ခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာဖြစ်မိပါတယ်။ ဒါကြောင့် အနယ်နယ်အရပ်ရပ်က ပြည်သူတွေလည်း လာရောက်ဖူးမြော်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**မောင်လှိုင်မင်းဖြိုး (ကျန်းမာရေးဝန်ထမ်း၊ ရန်ကုန်တိုင်းဒေသကြီး)**

ဘုရားကြီးကို အပြင်မှာ မျက်ဝါးထင်ထင် ဖူးမြော်လိုက်ရတော့ ရင်ထဲမှာ အလွန်ပျော်ရွှင်သွားပါတယ်။ ကျောက်ဆစ်မှာ ဉာဏ်တော်အမြင့်ဆုံး၊ ဗိသုကာလက်ရာတွေကလည်း ပြောင်မြောက်၊ သာသနိက အဆောက်အဦက ခမ်းနားကြီးကျယ်တယ်ဆိုတော့ အလွန်ဝမ်းသာ ဂုဏ်ယူဖြစ်မိပါတယ်။ ဒီကို မလာဖြစ်သေးတဲ့ သူငယ်ချင်းတွေနဲ့အတူ နောက်တစ်ခေါက် ထပ်လာဦးမှာပါ။ မဖူးမြော်ရသေးတဲ့ သူတွေလည်း လာရောက်ဖူးမြော်ကြပါလို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း-အေးအေးတီ**
**ဓာတ်ပုံ-ကိုအေးသန်း**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အောက်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မိုး/ဇလ

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူဘုရားဖူးလာပြည်သူများ လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှ စတင်၍ ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက် ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။



ရှေးဦးစွာ တာဝန်ရှိသူများက ဘုရားဖူးလာပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် ဘုရားမုခ်ဦးရှေ့များတွင် လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ဆီသို့ သွားလာရေး လွယ်ကူစေရန်အတွက် မော်တော်ယာဉ်ငယ်များဖြင့် ပို့ဆောင်ပေးခြင်း၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဝန်ထမ်းများက မသန်စွမ်းသူများအား ဘီးတပ်တွန်းလှည်းများဖြင့် စနစ်တကျပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ အစီအမံဖြင့် ဝန်ထမ်းများ အစိုးရရုံးပိတ်ရက်တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် စီစဉ်ပေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ ၄၅ ခုမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၉၄၅ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၀၀၀ ခန့် ရန်ကုန်မြို့မှ နေပြည်တော်သို့လာရောက်၍ ဘုရားကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဌာနဆိုင်ရာ ဝန်ထမ်းအဖွဲ့များသည် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စိတ်ကြည်နူးချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုကြပြီး စိတ်အေးချမ်းသာစွာဖြင့် တရားဘာဝနာပွားများအားထုတ်ခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားသည့် ရင်ပြင်တော်ပတ်လည်ရှိ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များကိုလည်း စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယကျောင်းတော်နှင့် သာသနာရေးဆိုင်ရာ အခမ်းအနားများကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် သံဃာတော် အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အဂ္ဂါဓိပတိ သာသနဗိမာန်တော်ကြီးကိုလည်း သွားရောက်လေ့လာကြသည်။

ယင်းနောက် ဌာနဆိုင်ရာ ဝန်ထမ်းအဖွဲ့များသည် အဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်းတည်ဆောက်ထားသည့် ကျောက်စာရုံ စေတီတော်အဆူ ၇၂၀ ကိုလည်း စိတ်ဝင်စားစွာဖြင့် ဖူးမြော်လေ့လာ ကြည်ညိုကြသည်။

ဆက်လက်၍ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ပိဋကတ်တော်လာအဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာ တည်ထားသည့် မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတို့ကိုလည်း ကြည်ညိုစွာဖြင့် ဖူးမြော်ကြသည်။

ထို့နောက် ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စနစ်တကျ ခမ်းနားထည်ဝါ တည်ဆောက်ထားသည့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများ၌လည်း ပျော်ရွှင်စွာ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် လာရောက်ဖူးမြော်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းအဖွဲ့များသည် ဘုရားကြီးအား ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ဘုရားဂေါပကအဖွဲ့ထံ လှူဒါန်းကြပြီး သက်ဆိုင်ရာနေရာ အသီးသီး၌ ထားရှိသည့် အလှူခံပုံးများတွင်လည်း စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ထည့်ဝင်လှူဒါန်းကြကာ ကျွန်းတိုင်များ အသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရှေးမူမပျက် ဆောက်လုပ်ထားသည့် သုခမ္မာဇရပ်များ၌ အေးချမ်းစွာ အပန်းဖြေအနားယူကြသည်ကို တွေ့ရသည်။

အဆိုပါ ရန်ကုန်မြို့မှ ဘုရားလာရောက်ဖူးမြော်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းအဖွဲ့များနှင့် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူပြည်သူများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အပါအဝင် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် ဂန္ဓကုဋိတိုက်တော်များ၊ ကျောက်စာရုံစေတီတော် အဆူ ၇၂၀၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ အဂ္ဂါဓိပတိ သာသနဗိမာန်တော်စသည့် ဘုရား၊ ကျောင်း၊ ကန်၊ သာသနိက အဆောက်အဦများကို လေ့လာဖူးမြော်ကြည်ညိုကြပြီး တရားဘာဝနာပွားများ အားထုတ်ခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်း ပြုလုပ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိကာ ယနေ့တွင် တရားဓမ္မအသံတို့ဖြင့် ထုံမွမ်းလျက်ရှိသည်ကို တွေ့မြင်ရသည်။

**အေးအေးသန့်**

**ဓာတ်ပုံ - ကိုအေးသန်း**





## နယ်စပ်ရေးရာဝန်ကြီးဌာနက ကချင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၂**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဝါတွင်းကာလ သံဃာတော်များ ဆွမ်း အခက်အခဲ မရှိစေရန်အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပူတာအိုခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်ထွန်းနှင့် ဝန်ထမ်းများက ပူတာအိုမြို့နယ် ဝင်းလုန်ကျေးရွာ ဟိုကျို ဘုန်းတော်ကြီးကျောင်းရှိ ရဟန်းသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲအမယ်လေးမျိုးတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အုတ်တွင်းမြို့၌ လူငယ်စကားဝိုင်းကျင်းပ

**အုတ်တွင်း စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက အုတ်တွင်းမြို့နယ် အထကထန်းကုန်း၌ ကျင်းပသည်။

ဦးစွာလူငယ်စကားဝိုင်းကို အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူခြောက်ဦးက လူငယ်နှင့်အားကစား၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် နည်းပညာ ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက စကားဝိုင်း၏ ခေါင်းစဉ်အလိုက် သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီး၏ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများ အောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်သည်။




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဖျာပုံမြို့နယ် ရှမ်းကွင်းကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာပြည်သူများကိုယ်တိုင် စီမံခန့်ခွဲပြီး ပူးပေါင်းဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း VDP ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာထည့်ဝင်ငွေကျပ်သိန်း ၃၀ တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်းလမ်း အရှည် ပေ ၆၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၇ လက်မထု ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး မှာကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပဆင-သလိပ်ကြီး-တူးမြောင်း-ဂျိုဝါကြံခင်းလမ်းပေါ်ရှိ ချောင်းကူးသံကူကွန်ကရစ်တံတား အရှည်ပေ ၁၆၀ တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။**(အပေါ်ယာပုံ)** တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ အဆိုပါ ကျေးရွာချင်းဆက်တံတား တည်ဆောက်ပြီးစီးပါက လမ်းဘေး ဝဲ/ယာရှိ ကျေးရွာခြောက်ရွာ၊ အိမ်ခြေ ၁၁၉၃ အိမ်၊ လူဦးရေ ၅၃၇၅ ဦးတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် အကျိုးပြုပေးနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လက်ပန်ကျေးရွာအုပ်စု လက်ပန်ကျေးရွာရှိ ငြိမ်းချမ်းစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းနှင့် အသင်းသားတောင်သူ ၂၅ ဦး၏ လယ်မြေ ဧက ၂၁၀ နှင့် ဖျာပုံမြို့နယ် ကွန်ဒိုင်းကြီးကျေးရွာရှိ ကြံတိုင်းအောင် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ၁၇ ဦး၏ လယ်မြေ ၂၄၆ ဧကတွင် မိုးစပါးစိုက်ပျိုးထားရှိမှုအား ကြည့်ရှုစစ်ဆေးကာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် မိုးစပါး စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ကြရန်နှင့် တောင်သူများ၏ စိုက်ပျိုးရေး လိုအပ်ချက်များ အချိန်မီဖြည့်ဆည်းပေးနိုင်ရေး ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖျာပုံမြို့နယ်အတွင်းရှိ သမဝါယမအသင်း ၁၃ သင်းမှ လယ်မြေ ၂၇၉၉ ဧက စိုက်ပျိုးနေသော အသင်းအမှုဆောင်များ၊ အသင်းသား တောင်သူများနှင့် တွေ့ဆုံခဲ့ရာ သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးက လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ၁ ဧကလျှင် ငွေကျပ် ၂ သိန်းနှုန်းနှင့် ညီမျှသော မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ပိုက်ဆံလျှော်ပင်များ စိုက်ပျိုးကြရန်၊ တစ်ဧကအထွက်နှုန်း တိုးတက်မှသာလျှင် တောင်သူများ ဝင်ငွေတိုးပွားနိုင်မည်ဖြစ်ပြီး လိုအပ်သည့် စိုက်နည်းစနစ်၊ စိုက်ပျိုးရေရရှိရေးတို့အတွက် မိမိတို့ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ကူညီပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ပြီး နွေစပါးနှင့် ပဲတီစိမ်းစီမံကိန်းများကို ပြန်လည်သုံးသပ်ပြီး ပြုပြင်သင့်သည်များကို ပြုပြင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစီမံကိန်းအတွက် သွင်းအားစု ဓာတ်မြေဩဇာများကို စီမံကိန်းလုပ်ငန်းများအလိုက် ပံ့ပိုးဆောင်ရွက်နေမှုအခြေအနေများနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကြက်ဖမွှေအောင် ကျွန်းပတ်တာ အကျိုးပြုဧက ၃၄၀၀၀ ကျော်နှင့် လက်ပန်ပင် ကျွန်းပတ်တာ အကျိုးပြုဧက ၁၁၀၀၀ ကျော်အတွက် ရေငန်တားခြင်းနှင့် ရေချိုထိန်းမည့်အစီအမံကို ရှင်းလင်းတင်ပြသည်။ ထို့နောက် သမဝါယမအသင်း ၁၃ သင်းမှ အသင်းသားတောင်သူများ၏ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် မော်တော်ဆိုင်ကယ်ပြုပြင်နည်း သင်တန်း ဖွင့်လှစ်ပို့ချပေးနေသည့် လယ်ကိုင်းကျေးရွာသို့ သွားရောက်ပြီး သင်တန်းသားများနှင့် တွေ့ဆုံသည်။ တာဝန်ရှိသူများ၏ သင်တန်းဖွင့်လှစ်ပို့ချနေမှုအခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက သင်တန်းအောင်မြင်ပြီး ထူးချွန်သင်တန်းသားများအား ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်နည်းပညာ၊ အရင်းအနှီးများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ကိုယ်ပိုင်စီးပွားရေး ထူထောင်နိုင်သည်အထိ ကြိုးစားလေ့လာသင်ယူကြစေလိုကြောင်း အားပေးစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်တုန်းမြို့နယ်ရှိ အောင်နိုင်သစ္စာ တန် ၂၅၀ ကျ ဆန်စက်သို့ရောက်ရှိရာ တာဝန်ရှိသူများက သမဝါယမအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ လုပ်ငန်းဆောင်ရွက်နေမှုများ၊ တောင်သူများသို့ မျိုး၊ သွင်းအားစု၊ ထောက်ပံ့ပေးမှုအခြေအနေ၊ ထုတ်လုပ်ရောင်းချနိုင်မှု အခြေအနေများ တင်ပြရာ ပြည်ထောင်စုဝန်ကြီးက တောင်သူများ လိုအပ်သည့် နည်းပညာ၊ သွင်းအားစုများကို အကျိုးတူစနစ်ဖြင့် သက်သာအောင် ဆောင်ရွက်ပေးရန်၊ ဈေးနှုန်းခန့်မှန်းရရှိရေး ပြင်ဆင်ဆောင်ရွက်ပေးရန်၊ တောင်သူများ စီးပွားတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်ဟု သတင်းရရှိသည်။ **သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး မိုးစပါးစိုက်တောင်သူများအား မြေဩဇာများထောက်ပံ့ပွဲ တက်ရောက်

ဘားအံ စက်တင်ဘာ ၂

**ကရင်ပြည်နယ် ဘားအံမြို့နယ် တံတားဦးကျေးရွာ ကွင်းအမှတ် ၁၁၅၀/ဂ၊ တောင်သူ ဦးအကွက်၏ ဆင်းသုခမိုးစပါးစိုက်ခင်း၌ မိုးစပါးစိုက်တောင်သူများအား မြေဩဇာများထောက်ပံ့ပေးအပ်ပွဲနှင့် စုပေါင်းမြေဩဇာကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့ နံနက် ၈ နာရီက ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်သည်။**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများ စားရေရိက္ခာဖူလုံရန် လယ်မြေကို လှုပ်မြေမထားဘဲ သီးနှံထုတ်လုပ်မှု မြင့်မားစေရေး၊ ဝင်ငွေတိုးတက်စေရေး၊ ဈေးကွက်နှင့် ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်စေရေးအတွက် သီးနှံအမယ်စုံစိုက်ပျိုးရန် လိုအပ်ပြီး အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းကာ ဈေးကွက် အလားအလာရှိသည့် သီးနှံများကို နှစ်သီးမှသုံးသီးအထိ စိုက်ပျိုးနိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ရောစပ်အသုံးပြုခြင်းသည် လက်ရှိဖြစ်ပေါ်နေသော ဓာတ်မြေဩဇာဈေးနှုန်း မြင့်တက်လာမှုကို ကျော်လွှားနိုင်သကဲ့သို့ လိုအပ်သည့် အာဟာရဓာတ်ကို သတ်မှတ်နှုန်းထားအတိုင်း အချိန်ကိုက် ရရှိစေသည့်အတွက် အထွက်ကောင်း၊ အရည်အသွေးကောင်း ထုတ်ကုန်များကို ထုတ်လုပ်လာနိုင်မည်ဖြစ်ပြီး မြေဆီလွှာ ပျက်စီးဆုံးရှုံးမှုကိုလည်း ကာကွယ်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် တံတားဦးကျေးရွာရှိ မိုးစပါးစိုက်တောင်သူများအား သဘာဝမြေဩဇာအိတ် ၅၀ နှင့် ယူရီးယားဓာတ်မြေဩဇာ ၂၅ အိတ်တို့ကို ထောက်ပံ့ပေးအပ်ပြီး တောင်သူဦးအကွက်၏ ဆင်းသုခမိုးစပါးစိုက်ခင်းအတွင်း တောင်သူများစုပေါင်း၍ ဓာတ်မြေဩဇာကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးကြပြီး တောင်သူများနှင့် တွေ့ဆုံကာ သီးထပ်သီးညှပ်များဖြင့် မြေလွတ်၊ မြေလပ်မကျန် စိုက်ပျိုးလုပ်ကိုင်ကြရန် မှာကြား၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ထိုင်းနိုင်ငံ၌ကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂**

ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပသည့် (၇) ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (Seventh ASEAN Ministerial Meeting on Sports AMMS–7 and Related Meetings ) သို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပခဲ့သည့် (၁၄) ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (Fourteenth ASEAN Senior Officials Meeting On Sports SOMS–14 and Related Meetings) သို့ တက်ရောက်ခဲ့သည့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့်အဖွဲ့သည် ယနေ့ ညနေ ၆ နာရီတွင် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။ **(ယာပုံ)**

အဆိုပါအဖွဲ့များကို အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးဆန်းမြင့်၊ ဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေတို့နှင့်အတူ ယမန်နေ့က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။





ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် တက္ကသိုလ်အတွင်း လေ့ကျင့်သင်ကြားလျက်ရှိသော သင်တန်းအလိုက် သင်တန်းသားများနေထိုင်သော အိပ်ဆောင်များ၊ စာသင်ဆောင်များနှင့် စားရိပ်သာများကိုလည်းကောင်း၊ သင်တန်းအလိုက် လေ့ကျင့် သင်ကြားနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများနှင့်အတူ နေ့လည်စာအတူတကွ သုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ တက္ကသိုလ်ရှိ ရတနာခန်းမ၌ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကိုတွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များသည် မူလတည်ထောင်ဖွင့်လှစ်ချိန်ကပင် မြန်မာနိုင်ငံတော်အစိုးရအတွက် ဝန်ထမ်းအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ဌာနအလိုက်၊ ကဏ္ဍအလိုက်၊ ဝန်ထမ်းရာထူးအဆင့်ဆင့်အလိုက် တာဝန်ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်ဖြင့် စည်းကမ်းတကျ ဆောင်ရွက်တတ်စေရန်၊ ပြည်သူ့အကျိုးစီးပွားကို သယ်ပိုးထမ်းရွက်လိုစိတ်ရှိသော၊ နိုင်ငံတော်အပေါ်သစ္စာရှိသော ဝန်ထမ်းကောင်းများ လေ့ကျင့်မွေးထုတ်ပေးရန်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ အစိုးရအဖွဲ့အစည်းများ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများပီပီ မိမိတို့ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို တည်ငြိမ်စွာဖြင့် အရှိန်အဟုန်မပျက် တာဝန်ထမ်းဆောင်ရင်း ပြည်သူ့အကျိုးစီးပွားကို သယ်ပိုးရန် အရေးကြီးပါကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးစီးပွားအတွက် တာဝန်ထမ်းဆောင်သော ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးရသည့်တာဝန်ကို ထမ်းရွက်ကြရသည့်အတွက် မိမိတို့၏ လုပ်ငန်းတာဝန်အပေါ် ဂုဏ်ယူကြရမည်ဖြစ်ပြီး မိသားစုစိတ်ဓာတ်ဖြင့် အတူတကွ ရိုင်းပင်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။ **(ဝဲပုံ)**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် ယနေ့တွင် တက္ကသိုလ်အတွင်းရှိ ဝန်ထမ်းအိမ်ရာများသို့ သွားရောက်ကြည့်ရှုပြီး ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ တက္ကသိုလ်အတွင်း အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်ဖြူမြို့၌ သဘာဝမြေသြဇာ စူပါဘိုကာရှီ မြေဆွေးပြုလုပ်သုံးစွဲနည်း လက်တွေ့သရုပ်ပြသ

**ကျောက်ဖြူ စက်တင်ဘာ ၂**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ သဘာဝမြေသြဇာ စူပါဘိုကာရှီ မြေဆွေး ပြုလုပ်သုံးစွဲနည်း အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၃၁ ရက် မွန်းလွဲပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွဏ်းက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ခေတ်မီနည်းစနစ်များဖြင့်ပြုလုပ်ထားသောမြေသြဇာများကို အသုံးပြုခြင်းထက် သဘာဝမြေဆွေးကိုသာ အဓိကအသုံးပြုကြမည်ဆိုပါက စိုက်ပျိုးစရိတ်များ သိသိသာသာ လျော့ကျနိုင်ကြောင်း ပြောကြားသည်။



ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက သဘာဝမြေသြဇာ စူပါဘိုကာရှီ မြေဆွေး ပြုလုပ်သုံးစွဲခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ဆန်းဝင်းက သဘာဝမြေသြဇာ စူပါဘိုကာရှီမြေဆွေး ပြုလုပ်သုံးစွဲနည်းနှင့် အကျိုးသက်ရောက်မှုများကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများက သဘာဝမြေသြဇာ စူပါဘိုကာရှီမြေဆွေး ပြုလုပ်နည်း အဆင့်ဆင့်နှင့် သုံးစွဲမှုများကို လက်တွေ့သရုပ်ပြသကာ အခမ်းအနားသို့ တက်ရောက်လာကြသူများကို သဘာဝမြေသြဇာ စူပါဘိုကာရှီ မြေဆွေးပြုလုပ်သုံးစွဲနည်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း**
**(ပြန်/ဆက်)**

# တောင်သာမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**တောင်သာ စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ ၂၀၂၃–၂၀၂၄ ခုနှစ်အတွင်း ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်သွားမည်ဖြစ်ရာ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟန်သူရက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းက စီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ ရည်ရွယ်ချက်များ ပြောကြားသည်။

စီမံကိန်း အကောင်အထည်ဖော်မည့် တလိုင်းရပ်ရွာသစ်ကျေးရွာသို့ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လည်းကောင်း၊ ထန်းတောကျေးရွာသို့ စီမံကိန်းရန်ပုံငွေ သိန်း ၃၀၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင် ဗိုလ်မှူး ငြိမ်းချမ်းဦးက လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ တလိုင်းရပ်ရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် တောင်သူ ၂၄ ဦးအတွက် ငွေကျပ်သိန်း ၁၁၀၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် တောင်သူ ၉၅ ဦးအတွက် ငွေကျပ်သိန်း ၁၉၀ စုစုပေါင်း တောင်သူ ၁၁၉ ဦးအတွက် သိန်း ၃၀၀ ထုတ်ချေးပေးနေမှုကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ယွန်း(မုံရွာ၊ ကိုယ်ပွား)**



**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ**

# ရွေးကောက်ပွဲကျင်းပရာတွင် စဉ်းစားသုံးသပ်သင့်သည့် ကြိုတင်မဲပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ

"ရွေးကောက်ပွဲများသည် ဒီမိုကရေစီအတွက်အခြေခံအုတ်မြစ်ဖြစ်သည် ... ဒီမိုကရေစီရှင်သန်စေရေးအတွက် ရေသောက်မြစ်ဖြစ်သည် ... ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် ပင်စည်ပင်မဖြစ်သည် ..." ဟု မှတ်သားမိသည်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ခိုင်မြဲရေးအတွက် ရွေးကောက်ပွဲများသည် ဥပဒေနှင့်ညီညွတ်၍ လွတ်လပ်ပြီး တရားမျှတရမည်ဖြစ်သည်။

မဲဆန္ဒရှင်တစ်ဦး

> ❖ **ရွေးကောက်ပွဲဆိုင်ရာ လေ့လာဆန်းစစ်သူတို့၏ အဆိုအရ ကုလသမဂ္ဂအဖွဲ့ဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံတွင် ကြိုတင်မဲပေးခွင့်ပြဋ္ဌာန်းချက်မရှိသည့် နိုင်ငံ ၁၂၃ နိုင်ငံရှိကြောင်း သိရှိရသည်။ နိုင်ငံပေါင်း ၇၀ တွင်သာ ကြိုတင်မဲပေးခြင်းစနစ် လက်ခံကျင့်သုံးကြသည်ဟု ဆိုပါသည်။ ထိုနိုင်ငံ ၇၀ အနက် ၅၄ နိုင်ငံတွင် ပြည်တွင်းနှင့်ပြည်ပ ကြိုတင်မဲနှစ်မျိုးလုံး ခွင့်ပြုပြီး ၁၆ နိုင်ငံတွင် ပြည်တွင်းကြိုတင်မဲသာ ခွင့်ပြု၍ နိုင်ငံပြင်ပရောက်ရှိနေသူများ အတွက် ကြိုတင်မဲပေးခွင့် ပြဋ္ဌာန်းထားခြင်းမရှိကြောင်း သိရှိရ**

### ရွေးကောက်ပွဲစက်ဝန်း

လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်ဆင့်ကို ရွေးကောက်ပွဲစက်ဝန်းဖြင့် ကာလသတ်မှတ်ဆောင်ရွက်လေ့ရှိသည်။ ရွေးကောက်ပွဲစက်ဝန်းတွင် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်ကာလတို့ပါရှိပြီး ရွေးကောက်ပွဲဆိုင်ရာ ဥပဒေရေးရာမူဘောင်နှင့် လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များမှအစပြု၍ ရွေးကောက်ပွဲလုပ်ငန်းတာဝန်အဆင့်ဆင့် ဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲများကျင်းပခြင်း၊ ကျင်းပခဲ့သည့်ရွေးကောက်ပွဲအပေါ် ပြန်လည်လေ့လာသုံးသပ်၍ အကဲဖြတ်ဆန်းစစ်ခြင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ဥပဒေရေးရာမူဘောင်များ ပြင်ဆင်ပြဋ္ဌာန်းခြင်းနှင့် ရွေးကောက်ပွဲစီမံချက်များ ဆက်လက်ဆောင်ရွက်ခြင်းတို့ကို စက်ဝန်းသဖွယ် ကာလတို၊ ကာလရှည် စဉ်ဆက်မပြတ်ဆောင်ရွက်ရသော လုပ်ငန်းစဉ်များ ပါရှိသည်။

### ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်ဆင့်

အခြေခံအားဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ရွေးကောက်ပွဲဆိုင်ရာစီမံချက်များ ရေးဆွဲခြင်း၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးဆွဲခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်း၊ ရွေးကောက်ပွဲစီမံခန့်ခွဲသူများအား လေ့ကျင့်သင်တန်းပေးခြင်း၊ နိုင်ငံရေးပါတီများအား မှတ်ပုံတင်ခြင်းနှင့် ကြီးကြပ်ခြင်း၊ မဲဆန္ဒရှင်စာရင်းများပြုစုခြင်း၊ မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲနေ့ရက်နှင့် ရွေးကောက်ပွဲဆိုင်ရာကြေညာချက်များထုတ်ပြန်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းကြေညာခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲသုံးပစ္စည်းများ စီမံခန့်ခွဲခြင်း၊ မဲရုံများ ခင်းကျင်းပြင်ဆင်ခြင်း၊ ရွေးကောက်ပွဲနေ့မတိုင်မီ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့မဲရုံများတွင် ဆန္ဒမဲပေးခြင်း၊ အငြင်းပွားမှုများဖြေရှင်းခြင်း၊ ဆန္ဒမဲများ ရေတွက်ခြင်းနှင့် ဆန္ဒမဲရလဒ်ကြေညာခြင်း၊ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်းတင်သွင်းခြင်း၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုများအား ရွေးကောက်ပွဲခုံအဖွဲ့များဖြင့် စစ်ဆေးခြင်း၊ ကျင်းပခဲ့သည့် ရွေးကောက်ပွဲအပေါ် ပြန်လည်သုံးသပ်၍ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် နောင်ရွေးကောက်ပွဲများအတွက် စီမံကိန်းများရေးဆွဲခြင်းတို့ ဆောင်ရွက်ရပါသည်။

### ဆန္ဒမဲပေးခြင်း နှစ်မျိုး

ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ဆန္ဒမဲပေးခြင်း နှစ်မျိုးရှိပြီး ရွေးကောက်ပွဲနေ့မတိုင်မီ ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့တွင် သက်ဆိုင်ရာမဲရုံများ၌ ကိုယ်တိုင်သွားရောက်၍ ဆန္ဒမဲပေးခြင်းတို့ဖြစ်သည်။ ကြိုတင်မဲပေးခြင်းတွင် စာတိုက်၊ အွန်လိုင်းမှတစ်ဆင့် မဲပေးခြင်း၊ ကြိုတင်မဲပေးရန် သတ်မှတ်သည့် နေ့ရက်နှင့်နေရာများတွင် ကြိုတင်မဲပေးခြင်းတို့ ပါဝင်ပါသည်။ မဲဆန္ဒရှင်တစ်ဦးချင်းစီက ကြိုတင်မဲဖြင့်ဖြစ်စေ၊ မဲရုံမဲဖြင့်ဖြစ်စေ ဆန္ဒပြုလိုက်သော ထောက်ခံဆန္ဒမဲရလဒ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရသည်ဖြစ်ရာ ဆန္ဒမဲပေးခြင်း နှစ်မျိုးတွင် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ ကင်းစင်ရန် လိုအပ်မည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံရေးအာဏာအတွက် ဝင်ပေါက်ဖြစ်သော ရွေးကောက်ပွဲတွင် မိမိပါတီအနိုင်ရရှိရေးအတွက် မသမာသောမဲ၊ တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲတို့ဖြင့် ရွေးကောက်မှုအခွင့်အရေးကို မတရားသောနည်းလမ်းဖြင့် ရယူမည်ဆိုပါက တရားမျှတမှုမရှိသည့် အကျည်းတန်သော ရွေးကောက်ပွဲအဖြစ် ရှုမြင်ရမည် ဖြစ်ပါသည်။

### ကမ္ဘာ့နိုင်ငံများတွင် ကြိုတင်မဲစနစ်ကျင့်သုံးမှုအခြေအနေ

ရွေးကောက်ပွဲဆိုင်ရာ လေ့လာဆန်းစစ်သူတို့၏ အဆိုအရ ကုလသမဂ္ဂအဖွဲ့ဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံတွင် ကြိုတင်မဲပေးခွင့်ပြဋ္ဌာန်းချက်မရှိသည့် နိုင်ငံ ၁၂၃ နိုင်ငံရှိကြောင်း သိရှိရသည်။ နိုင်ငံပေါင်း ၇၀ တွင်သာ ကြိုတင်မဲပေးခြင်းစနစ် လက်ခံကျင့်သုံးကြသည်ဟု ဆိုပါသည်။ ထိုနိုင်ငံ ၇၀ အနက် ၅၄ နိုင်ငံတွင် ပြည်တွင်းနှင့်ပြည်ပ ကြိုတင်မဲ နှစ်မျိုးလုံးခွင့်ပြုပြီး ၁၆ နိုင်ငံတွင် ပြည်တွင်းကြိုတင်မဲသာ ခွင့်ပြု၍ နိုင်ငံပြင်ပရောက်ရှိနေသူများအတွက် ကြိုတင်မဲပေးခွင့် ပြဋ္ဌာန်းထားခြင်းမရှိကြောင်း သိရှိရသည်။ ထိုသို့ ကြိုတင်မဲပေးခြင်း ခွင့်ပြုရာတွင်လည်း နိုင်ငံ ၁၅ နိုင်ငံကသာ မဲဆန္ဒရှင်အားလုံးကို လွတ်လပ်စွာ ကြိုတင်မဲပေးခွင့်ပြုထားပြီး ကျန်နိုင်ငံ ၅၅ နိုင်ငံတွင် ကြိုတင်မဲပေးခွင့်ရှိသူ မဲဆန္ဒရှင် အမျိုးအစားများကို သီးခြားသတ်မှတ်ထားကြောင်း သိရှိရသည်။

### မြန်မာနိုင်ငံ ရွေးကောက်ပွဲဥပဒေများ၏ ကြိုတင်မဲစနစ်

လွတ်လပ်ရေးရပြီး ပါလီမန်ခေတ် ၁၉၄၈ ခုနှစ် ပါလီမန်ရွေးကောက်ပွဲအက်ဥပဒေများအရ ကျင်းပခဲ့သော ပါလီမန်ရွေးကောက်ပွဲများတွင် ကြိုတင်မဲပေးခြင်းပြဋ္ဌာန်းချက်မတွေ့ရဘဲ မဲရုံတွင်သာ မဲပေးရသည်။ ယင်းအက်ဥပဒေ၏ နည်းဥပဒေ ၆၇ တွင် ပုံစံ(၁၈)ဖြင့် ရွေးကောက်ပွဲတာဝန်ခံအရာရှိထံ လျှောက်လွှာတင်သွင်း၍ မိမိမဲပေးရမည့် မဲရုံမဟုတ်သော အခြားမဲရုံတစ်ခုခုတွင် ရွေးကောက်ပွဲတာဝန်ပေးအပ်ခြင်းခံရသည့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်၊ မဲရုံကိုယ်စားလှယ်၊ အစိုးရအမှုထမ်းတို့ကို တာဝန်ကျသည့် မဲရုံတွင် မဲပေးခွင့်ပြုသည့်ပြဋ္ဌာန်းချက်မျိုးသာရှိကြောင်း သိရှိရသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ၊ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများတွင် နိုင်ငံပြင်ပရောက်ရှိနေသူများ ကြိုတင်မဲပေးခြင်း နှင့် ပြည်တွင်းကြိုတင်မဲပေးခြင်းပြဋ္ဌာန်းချက်များ ပါရှိခဲ့သည်။ လက်ရှိ ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများတွင်လည်း မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲနှင့် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။

မဲဆန္ဒနယ်ပြင်ပရောက်ရှိနေသူများအတွက် ကြိုတင်မဲပေးခြင်းနှင့် စပ်လျဉ်း၍ –

(၁) တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊
(၂) မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊
(၃) မဲဆန္ဒနယ်ပြင်ပရောက် သင်တန်းသားများ၊
(၄) မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များ၊
(၅) အချုပ်ခံနေရသူများ၊
(၆) ဆေးရုံသို့ တက်ရောက်နေရသော အတွင်းလူနာများ၊
(၇) အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ စသည့် မဲဆန္ဒရှင်အမျိုးအစား ၇ မျိုးကို သတ်မှတ်နည်းလမ်းများနှင့်အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်မဲပေး ခွင့်ပြုထားပါသည်။

မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍ မဲဆန္ဒနယ်အတွင်းရှိနေသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက်ဆန္ဒမဲမပေးနိုင်သည့် အောက်ဖော်ပြပါ မဲဆန္ဒရှင်အမျိုးအစား ၈ မျိုးကိုလည်း ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စီစဉ်ပေးရမည်ဟု ပြဋ္ဌာန်းချက်ပါဝင်ပါသည် –

(၁) အနာကြီးရောဂါစွဲကပ်နေခြင်း၊
(၂) ရောဂါဝေဒနာပြင်းထန်စွာခံစားနေရခြင်း၊
(၃) အသက်အရွယ်ကြီးရင့်နေခြင်း၊
(၄) သားဖွားနေခြင်း၊
(၅) ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရခြင်း၊
(၆) ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရခြင်း၊
(၇) နိုင်ငံ့ဝန်ထမ်း သို့မဟုတ် တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် မဲစာရင်း ပါရှိရာဒေသမှကျော်လွန်၍ ယာယီတာဝန်သွားရောက်ထမ်းဆောင်ရခြင်း၊
(၈) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိအမည်စာရင်း ပါရှိသော မဲဆန္ဒနယ်မှကျော်လွန်၍ ခရီးဝေးသွားလာရန်ရှိခြင်း။

### ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်မဲပေးကြရာတွင်

မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်း လုပ်ထုံးလုပ်နည်း အဆင့်ဆင့်ဖြစ်သော ကြိုတင်မဲလက်မှတ် တောင်းခံခြင်း၊ ကြိုတင်မဲပေးမည့် အမည်စာရင်းပြုစုခြင်း၊ ကြိုတင်မဲလက်မှတ်နှင့် စာအိတ်များပေးပို့ခြင်း၊ ဆန္ဒပြုပြီးသော ကြိုတင်မဲလက်မှတ်များပါသည့် စာအိတ်များကို သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသို့ ပြန်လည်ပေးပို့ခြင်းစသည့် လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်အချိန်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရပါသည်။

မဲဆန္ဒနယ်ပြင်ပရောက် သင်တန်းသားများနှင့် ကျောင်းသားများအတွက် သက်ဆိုင်ရာ တက္ကသိုလ်၊ ကျောင်း၊ သင်တန်းများတွင်လည်းကောင်း၊ အချုပ်ခံနေရသူများအတွက် ရဲအချုပ်စခန်းတွင်လည်းကောင်း၊ ဆေးရုံတက်ရောက်နေရသည့် အတွင်းလူနာများအတွက် ဆေးရုံတွင်လည်းကောင်း၊ တပ်မတော်သားများနှင့် အတူနေ အိမ်ထောင်စုဝင်များအတွက် သက်ဆိုင်ရာ တပ်ရင်းတပ်ဖွဲ့၊ သင်တန်းကျောင်းနှင့် စစ်အခြေစိုက်စခန်းများတွင်လည်းကောင်း၊ နိုင်ငံပြင်ပရောက်ရှိနေသူများအတွက် သက်ဆိုင်ရာ သံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံး၊ ကောင်စစ်ဝန်ရုံးတို့တွင်လည်းကောင်း၊ မဲရုံကဲ့သို့ပင် သက်ဆိုင်ရာ နိုင်ငံ့ဝန်ထမ်းဌာနအကြီးအမှူးများ၏ ကြီးကြပ်စီမံခန့်ခွဲမှုဖြင့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ရသည်ဖြစ်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်များပြားသော်လည်း စနစ်တကျဆောင်ရွက်နိုင်သည့် အခြေအနေမျိုးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

သို့ရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တာဝန်ယူဆောင်ရွက်သည့် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်တွင် အနာကြီးရောဂါစွဲကပ်နေသူများ၊ ရောဂါဝေဒနာပြင်းထန်စွာ ခံစားနေရသူများ၊ အသက်အရွယ်ကြီးရင့်နေသူများနှင့် သားဖွားနေသူများအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် နှစ်ဦးက နေအိမ်များတွင် အိမ်တိုင်ရာရောက် ကြိုတင်မဲလိုက်လံကောက်ယူရသည်။ ထို့အတူ ရဲအချုပ်စခန်းနှင့် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူများအတွက် သက်ဆိုင်ရာ ရဲစခန်း၊ အကျဉ်းစခန်းတွင်လည်းကောင်း၊ ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူများအတွက် သက်ဆိုင်ရာဆေးရုံတွင်လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် နှစ်ဦးက နေရာအရောက် ကြိုတင်မဲ သွားရောက်ကောက်ယူရပါသည်။

*စာမျက်နှာ ၁၁ သို့*

# ဥပဒေရေးရာဝန်ကြီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂**

ဥပဒေရေးရာ ဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၃၀ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ပြောကြားသည့် ဌာနနှစ်ပတ်လည် အခမ်းအနားနှင့် ပတ်သက်သည့် အမှာစကား ဗီဒီယိုကလစ်ကို ပြသသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်အာဏာ သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေရသည့် အရေးကြီးသော ဝန်ကြီးဌာနတစ်ခုဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာ၌ ဂုဏ်သိက္ခာရှိစွာဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အရည်အချင်းပြည့်မီသည့် ဥပဒေအရာရှိကောင်းများဖြစ်ရန်လည်း လွန်စွာအရေးကြီးလှကြောင်း၊ ဥပဒေအရာရှိများသည် ရိုးသားဖြောင့်မတ်ခြင်း၊ ဘက်လိုက်မှုကင်းပြီး တရားမျှတစွာ ဆောင်ရွက်ခြင်း၊ မှန်ကန်စွာစဉ်းစား၊ တွေးခေါ်ပြီးဥပဒေနှင့်အညီ သုံးသပ်၊ ဆုံးဖြတ် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းအားထုတ်ခြင်း၊ မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေခြင်း စသည့် ဥပဒေအရာရှိကျင့်ဝတ်ပါ အခြေခံမူများနှင့်အညီ လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က ဥပဒေရေးရာ ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံနှင့် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေနှင့်အညီ လုပ်ငန်းတာဝန်များ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး) တွင် သင်တန်းတက်ရောက်ပြီး ထူးချွန်စွာ အောင်မြင်ခဲ့ကြသော အရာထမ်းများနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အရာထမ်း/ အမှုထမ်းများ၏ သား/သမီးများ၊ ဥပဒေရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အမှုထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိတို့က တက်ရောက်လာသည့် ဧည့်သည်တော်များအား အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်**
**(ပြန်/ဆက်)**

# မော်လမြိုင်မြို့၌ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအား ဝင်ငွေခွန်ကောက်ယူမှုဆိုင်ရာ အစီအစဉ် အသိပေးရှင်းလင်း

**မော်လမြိုင် စက်တင်ဘာ ၂**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၂၃ နှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက်က မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပြည်နယ်အခွန်ဦးစီးဌာနမှူး (ညွှန်ကြားရေးမှူး) ဦးမြင့်နိုင်က အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၂၃ နှင့်ပတ်သက်၍ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၇ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းမှ ရရှိသော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေခြင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် လုပ်ငန်းရှင်အခွန်ထမ်းများက သိရှိလိုသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ အဆိုပါ အခမ်းအနားသို့ ပုဂ္ဂလိက ဆေးရုံဆေးခန်း လုပ်ငန်းရှင် ၇၄ ဦး၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ မြို့နယ်အခွန်ဦးစီးဌာနမှူးများနှင့် ဌာနဆိုင်ရာများများ တက်ရောက်ကြကြောင်း သိရသည်။

**သီဟစည်သူ**



*စာမျက်နှာ ၁၀ မှ*

ထိုသို့ ကောက်ယူရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများအား လိုက်ပါကြည့်ရှုခွင့်ပြုထားသဖြင့် နိုင်ငံရေးပါတီများက ကော်မရှင်အဖွဲ့ခွဲနှင့် မဲဆန္ဒရှင်အပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လွှမ်းမိုးနိုင်ခြင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ လုပ်ငန်းကျွမ်းကျင်မှုအားနည်းခြင်း၊ နယ်မြေဒေသ အခြေအနေအရ ကြိုတင်မဲကောက်ယူရမည့်နေရာ ဝေးလံခက်ခဲပါက မလိုလားအပ်သော ပြဿနာများ ဖြစ်ပွားနိုင်ခြင်း၊ ရွေးကောက်ပွဲဥပဒေ၏ အနှစ်သာရတစ်ရပ်ဖြစ်သော လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ် ပျက်ယွင်းခြင်းနှင့် မလိုလားအပ်သော မဲမသမာမှုနှင့် အငြင်းပွားမှုများဖြစ်နိုင်ခြေအများဆုံးအခြေအနေ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် ခရီးသွားရန်ရှိကြောင်း အကြောင်းအမျိုးမျိုးပြ၍ ကြိုတင်မဲတောင်းဆိုမှုများကလည်း ပါတီများ၊ မဲဆန္ဒရှင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ကြားတွင် အငြင်းပွားအချင်းများရသည့် ပြဿနာများဖြစ်ကြောင်း ယခင်ရွေးကောက်ပွဲများတွင် တွေ့ရှိခဲ့ရသဖြင့် ပြန်လည်သုံးသပ်သင့်ပါသည်။

ရွေးကောက်ပွဲတွင် ကြိုတင်မဲကို နည်းလမ်းအမျိုးမျိုးဖြင့် ခွင့်ပြုခြင်းသည် မဲဆန္ဒရှင်အမျိုးမျိုးအတွက် မဲပေးခွင့်ရရှိရေး ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်သည်ဆိုသော်လည်း ကြိုတင်မဲအတွက် လုပ်ငန်းစဉ်အဆင့်ဆင့် ရှုပ်ထွေးခြင်း၊ လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ပျက်ယွင်းခြင်း၊ လုပ်ထုံးလုပ်နည်း မှားယွင်းနိုင်ခြင်း၊ မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှု ဖြစ်နိုင်ခြေရာခိုင်နှုန်းမြင့်မားခြင်းတို့ကို လေ့လာတွေ့ရှိရပါသည်။

၂၃-၇-၂၀၂၃ ရက်နေ့က ကျင်းပခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဥပဒေပြဋ္ဌာန်းချက်များအရ ပြည်တွင်း၊ ပြည်ပကြိုတင်မဲပေးခြင်းကို ခွင့်ပြုထားခြင်းမရှိဘဲ ရွေးကောက်ပွဲတာဝန်ကျ ဝန်ထမ်းများသည်ပင်လျှင် မိမိတို့နှင့် သက်ဆိုင်သည့် မဲရုံများတွင် ရွေးကောက်ပွဲကျင်းပသည့်နေ့၌သာ မဲပေးကြကြောင်း သိရှိရပါသည်။ ကမ္ဘောဒီးယားအစိုးရက ဝန်ထမ်းများ၊ ပုဂ္ဂလိကစက်ရုံနှင့် အလုပ်ရုံများမှ လုပ်သားပြည်သူမဲဆန္ဒရှင်များ လွယ်ကူအဆင်ပြေစွာ မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲနေ့နှင့် တစ်ဆက်တည်း ၃ ရက်ကို လုပ်ခလစာမဖြတ်တောက်ဘဲ ခွင့်ရက်အဖြစ် သတ်မှတ်ပေးကြောင်း သတင်းဖော်ပြချက်များအရ လေ့လာသိရှိရပါသည်။

**❍ ယခင်ရွေးကောက်ပွဲများတွင် ကြိုတင်မဲပေးသူရာခိုင်နှုန်း ၆ ရာခိုင်နှုန်းခန့်သာရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်မဲပေးသူ ၂၁ ရာခိုင်နှုန်းကျော်အထိ ဖောင်းပွခဲ့ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတ်တမ်းများအရ သိရှိရ**

### ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်မဲဆိုင်ရာ မဲမသမာမှုများ

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများကြီးမားစွာမှားယွင်းခြင်း၊ ရွေးကောက်ပွဲအပေါ် မလျော်ဩဇာလွှမ်းမိုးခြင်း၊ ဥပဒေနှင့်မညီဆောင်ရွက်ခြင်း၊ တရားမဲ့ပြုကျင့်မှုနှင့် မဲမသမာမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်းကြောင့် ကျူးလွန်သူများအား ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ရခြင်းတို့နှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်များတွင် ဖော်ပြပါရှိခဲ့ပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ကူးစက်ရောဂါအကြောင်းပြု၍ ကြိုတင်မဲပေးခွင့်ပြဋ္ဌာန်းချက်တွင် မပါဝင်သူများကို ယင်းတို့နှင့်သက်ဆိုင်သော မဲဆန္ဒနယ်အတွက် ပုံစံ(၁၅)ဖြင့် တောင်းဆို၍ ကြိုတင်မဲပေးခွင့်ပြုခဲ့ခြင်း၊ အသက် ၆၀ နှစ်အထက် မဲဆန္ဒရှင်များနေအိမ်တွင် ကြိုတင်မဲပေးရန် ဥပဒေကျော်လွန်ခွင့်ပြုပေးခဲ့ခြင်းတို့ကြောင့် ယခင်ရွေးကောက်ပွဲများတွင် ကြိုတင်မဲပေးသူရာခိုင်နှုန်း ၆ ရာခိုင်နှုန်းခန့်သာရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်မဲပေးသူ ၂၁ ရာခိုင်နှုန်းကျော် အထိ ဖောင်းပွခဲ့ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မှတ်တမ်းများအရ သိရှိရပါသည်။

ရပ်ကွက်နှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက နေအိမ်များသို့ ကြိုတင်မဲများ လိုက်လံကောက်ယူရာတွင် ပါတီအောင်နိုင်ရေးအဖွဲ့များက ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် လိုက်ပါ၍ ဝင်ရောက်စွက်ဖက်မှုများ၊ ဥပဒေနှင့်မညီသောလုပ်ရပ်များကို စစ်ဆေးဖော်ထုတ်တွေ့ရှိခဲ့ရသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၉၁ ပုဒ်မခွဲ(ဃ)တွင် "လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရမည်" ဟု ပြဋ္ဌာန်းထားသည်ဖြစ်ရာ ကော်မရှင်အဖွဲ့ခွဲများက နေအိမ်တွင် ကြိုတင်မဲများ လိုက်လံကောက်ယူခြင်းဖြင့် လျှို့ဝှက်ဆန္ဒမဲပေးခြင်းအား ထိခိုက်ပျက်ယွင်းစေမည့် ဝန်ဆောင်မှုမျိုးကို ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများတွင် ထည့်သွင်းထားခြင်းအား ပြန်လည်စဉ်းစားသုံးသပ်သင့်ကြောင်း မဲဆန္ဒရှင်ပြည်သူတစ်ဦးအနေဖြင့် ထင်မြင်ယူဆပါသည်။

### လာမည့်ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ပါသည်။ လာမည့်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူလူထုအတွက် ဒီမိုကရေစီ၏အနှစ်သာရဖြစ်သော ကိုယ်စားပြုမှုကို မြှင့်တင်ပေးရန်၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတွင် တစ်ပါတီကြီးစိုးမှု လျှော့ချပြီး ပါတီစုံစနစ် ပိုမိုလမ်းဖွင့်ပေးနိုင်ရန်အတွက် အချိုးကျကိုယ်စားပြုစနစ် ပြောင်းလဲကျင့်သုံးမည့် အစီအစဉ်များ ဆောင်ရွက်လျက်ရှိပါသည်။

လုံခြုံမှုရှိပြီး တည်ငြိမ်အေးချမ်းသောရွေးကောက်ပွဲ၊ ဥပဒေနှင့် ညီညွတ်သောရွေးကောက်ပွဲ၊ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ၊ သန့်ရှင်းသောရွေးကောက်ပွဲ၊ မဲမသမာမှုနှင့် တရားမဲ့မှုကင်းစင်သောရွေးကောက်ပွဲ၊ ဂုဏ်သိက္ခာရှိသောရွေးကောက်ပွဲ တစ်ရပ်ကျင်းပပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားအားလုံး မဲပေးခွင့်မဆုံးရှုံးစေရေး မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်အောင် ဆောင်ရွက်လျက်ရှိသည်။ ဆန္ဒမဲပေးခြင်း မပေးခြင်းသည် သက်ဆိုင်ရာမဲဆန္ဒရှင်၏ ဆန္ဒသဘောဟုဆိုသော်လည်း မဲဆန္ဒရှင်များ မဲပေးရန် ရွေးကောက်ပွဲယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများက စည်းရုံးရမည့်တာဝန်ရှိပါသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ရပ်ကွက်နှင့်ကျေးရွာအုပ်စုများ၌ ကြိုတင်မဲ ကောက်ခံရာတွင် ဖြစ်ပွားခဲ့သည့် အငြင်းပွားမှုဖြစ်စဉ်များကို ပြန်လည်သုံးသပ်ပြီး မဲဆန္ဒရှင်များ သတ်မှတ်မဲရုံများတွင်သာ အဆင်ပြေလွယ်ကူစွာဖြင့် စနစ်တကျမဲပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်သင့်ပါသည်။ ရွေးကောက်ပွဲများတွင် အငြင်းပွားမှုပြဿနာများနှင့် မဲမသမာမှုများဖြစ်ပေါ်စေသည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ကြိုတင်မဲများလိုက်လံကောက်ယူရသည့် ဝန်ဆောင်မှုနှင့် အငြင်းပွားအချင်းများဖွယ် ကြိုတင်မဲပေးခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ပြန်လည်စဉ်းစား သုံးသပ်ဆောင်ရွက်သင့်ပါကြောင်း မဲဆန္ဒရှင်ပြည်သူတစ်ဦးအနေဖြင့် ပုဂ္ဂလိကအမြင်အားဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၂

နေပြည်တော် ပျဉ်းမနားမြို့နယ် ဘန့်ဘားကျေးရွာအုပ်စု ဆိတ်ဖူးတောင်ကျေးရွာ၌ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ရောက်ရှိနေသည့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထောက်ပံ့ရေးပစ္စည်းများ၊ ပန်းခင်းစီမံချက်အရ ဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ပေးအပ်သည်။

ဦးစွာ ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့်အဖွဲ့သည် ဘန့်ဘားကျေးရွာအုပ်စုအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဘန့်ဘားကျေးရွာအုပ်စု သာသနဝံ့မဏ္ဍိရတနာကျောင်းတိုက် ဆရာတော် ဉူးသြသဓထံမှ ညွှေ့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ ဆရာတော် ဉူးသြသဓထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗိုလ်မှူးကြီးမင်းနောင်နှင့် အဖွဲ့သည် သာသနဝံ့မဏ္ဍိရတနာကျောင်းတိုက်၌ ဘန့်ဘားကျေးရွာအုပ်စုရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခွဲတာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူလူထုများနှင့် တွေ့ဆုံသည်။

### ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

ထိုသို့တွေ့ဆုံစဉ် ဗိုလ်မှူးကြီးမင်းနောင်က မိမိအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးရန် စီမံညွှန်ကြားမှုကြောင့် ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပွင့်လင်းစွာ တင်ပြကြစေလိုကြောင်း၊ ထိုသို့ဆွေးနွေးတင်ပြမှသာ ဒေသလိုအပ်ချက်များကို မိမိတို့အနေဖြင့် အမြန်ဆုံးဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိရောက်ရှိနေသည့် အချိန်အတွင်း၌လည်း ကျေးရွာအုပ်စုအတွင်းရှိ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေးကိစ္စရပ်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းလုံခြုံရေးသည်လည်း အရေးကြီးသည့်အတွက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု တစ်သားတည်းရှိရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဗိုလ်မှူးကြီးမင်းနောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဘန့်ဘားကျေးရွာအုပ်စုအတွင်းရှိ ဆိတ်ဖူးတောင်၊ အောင်ဘိတ်သိတ်၊ လက်ဖက်တောင်၊ သံမရဲနှင့် သုံးခွတော ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများ၊ အိမ်ထောင်စုများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ ဗဟုသုတရဖွယ် သုတ၊ ရသစာအုပ်များ၊ ဆေးစိမ်ခြင်ထောင်များ၊ သဘာဝမြေသြဇာများနှင့် ကလေးကစားစရာတို့ကို ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

### နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူက ဘန့်ဘားကျေးရွာအုပ်စုရှိ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်(၂)ဖြင့် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) တို့ကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများက မိမိတို့ဒေသအတွက် ဆောင်ရွက်ပေးစေလိုသည့် ပညာရေး၊ ကျန်းမာရေးနှင့် အခြားဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအမံများနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ထောက်ပံ့ငွေများပေးအပ်

မွန်းလွဲပိုင်းတွင် ဗိုလ်မှူးကြီးမင်းနောင်သည် နေပြည်တော်ကုသရေးဦးစီးဌာန၊ နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဆိတ်ဖူးတောင်ကျေးလက်ကျန်းမာရေးဌာန၌ သံဃာတော်များနှင့် ကျေးလက်နေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုအားပေးပြီး ကျန်းမာရေးဆိုင်ရာ ဆေးဝါးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဗိုလ်မှူးကြီးမင်းနောင်သည် ဆိတ်ဖူးတောင်ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း - သုံးခွတော၌ ပျဉ်းမနားတောင်ပေါ်ဒေသကျေးရွာများရှိ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ စာပေသင်ကြားသင်ယူနေမှု အခြေအနေများကို မေးမြန်းကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသုံးစာရေးကိရိယာ ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ကာ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးပြီး ကျောင်းသားကျောင်းသူများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် ကျောင်းသင်ခန်းစာများကို ကြိုးစားသင်ယူကြရန်မှာကြားပြီး စားသောက်ဖွယ်ရာများ ဝေငှပေးသည်။

### ဖူးမြော်ကြည်ညို

ညနေပိုင်းတွင် ဗိုလ်မှူးကြီးမင်းနောင်နှင့် အဖွဲ့သည် ဆိတ်ဖူးတောင်ကျေးရွာ၌ တည်ထားတော်မူသည့် လောကရန်အောင် စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်ကာ ဘုရားပရိဝုဏ်တော်အတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

**သတင်းစဉ်**

---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Zizawar Phyu (ဆွေဇင်အိ)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (င)ရပ်ကွက်နေ ဇီဇဝါဖြူ(ခ) ဆွေဇင်အိအား ည ၈ နာရီ ၁၅ မိနစ်တွင် ပြည်ကြီးတံခွန် မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၂

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၃ ဒသမ ၆၇ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၅၂ လက်မ၊ ညောင်တုန်းမြို့တွင် ၂ ဒသမ ၀၀ လက်မ၊ လောင်းလုံးမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ဖလမ်းမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ မှော်ဘီ(စိုက်ပျိုးရေးမိုးလေဝသ)တွင် ၁ ဒသမ ၆၉ လက်မ၊ ရန်ကုန်(ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)တွင် ၁ ဒသမ ၂၆ လက်မနှင့် ဟူမ္မလင်းမြို့တွင် ၁ ဒသမ ၁၈ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

## ဝန်ကြီးချုပ်ဆရတ်သာဦးဆောင်သည့် အစိုးရအဖွဲ့သစ်ကို ထိုင်းဘုရင် အတည်ပြု

**ဘန်ကောက် စက်တင်ဘာ ၂**

ထိုင်းဘုရင် မဟာဗဇိရာ လောင်ကွန်သည် ဆရတ်သာသာဗီဆင်၏ အစိုးရအဖွဲ့သစ်အား အတည်ပြုလိုက်ကြောင်း တော်ဝင်ဂေဇက်ကို စက်တင်ဘာ ၂ ရက်က ထုတ်ပြန်ခဲ့သည်။

**အစိုးရအဖွဲ့ဝင် ၃၄ ဦးကို တရားဝင် ခန့်အပ်**

အဆိုပါ တော်ဝင်ထုတ်ပြန်ချက်တွင် ဖော်ပြချက်အရ ဘုရင်သည် ဒုတိယဝန်ကြီးချုပ် ခြောက်ဦးနှင့် အခြားဝန်ကြီးများအပါအဝင် ဆရတ်သာ ရွေးချယ်ထားသည့် အစိုးရအဖွဲ့ဝင် ၃၄ ဦးကို တရားဝင် ခန့်အပ်ခဲ့သည်။

**အဓိက ဝန်ကြီးဌာန ၁၀ ခုကို ဦးဆောင်သွားမည်**

ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဦးဆောင်သည့် ဖြူထိုင်းပါတီသည် ကာကွယ်ရေး၊ ဘဏ္ဍာရေး၊ သယ်ယူပို့ဆောင်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ပြည်သူ့ကျန်းမာရေးနှင့် နိုင်ငံခြားရေးအပါအဝင် အဓိကဝန်ကြီးဌာန ၁၀ ခုကို ဦးဆောင်သွားမည်ဖြစ်သည်။ ၎င်း၏ အကြီးဆုံး ညွန့်ပေါင်းမိတ်ဖက်ဖြစ်သည့် ဘွန်ဂျိုင်ထိုင်းပါတီက ပြည်ထဲရေး၊ ပညာရေးနှင့် အလုပ်သမားဝန်ကြီးဌာနများကို ဦးဆောင်မည်ဖြစ်သည်။

**ဘုရင်ရှေ့မှောက်တွင် သစ္စာခံရန်လိုအပ်**

ထိုင်းဖွဲ့စည်းပုံ အခြေခံဥပဒေအရ အစိုးရအဖွဲ့ဝင်အသစ်များသည် ဘုရင်ရှေ့မှောက်တွင် သစ္စာခံရန် လိုအပ်သည်။

ဖြူထိုင်းပါတီမှ ကိုယ်စားလှယ်လောင်း ဆရတ်သာသည် ပါလီမန်မဲခွဲဆုံးဖြတ်မှုဖြင့် ဩဂုတ်လက ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်ခံထားရသည်။ **ဆင်ဟွာ**

## မော်အီကျွန်းတောမီးမှ လူ ၃၈၅ ဦး ပျောက်ဆုံးနေဆဲဖြစ်

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၂**

အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီပြည်နယ် မော်အီကျွန်းတွင် ဖြစ်ပွားခဲ့သည့်တောမီးကြောင့် လူပေါင်း ၃၈၅ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု အာဏာပိုင်များက စက်တင်ဘာ ၁ ရက်တွင် ပြောသည်။

ဩဂုတ် ၂၄ ရက်က ထုတ်ပြန်ခဲ့သည့် ပျောက်ဆုံးသူစာရင်းတွင် ၃၈၈ ဦး ရှိခဲ့သော်လည်း ယခုထုတ်ပြန်ချက်တွင် ပျောက်ဆုံးသူဦးရေမှာ လျော့ကျသွားခြင်းဖြစ်သည်ဟု အမေရိကန်အက်ဖ်ဘီအိုင်နှင့် မော်အီရဲဌာနတို့မှ သတင်းထုတ်ပြန်ခဲ့သည်။ လူပေါင်း ၃၀၀၀ ကျော်ကို ဘေးကင်းလုံခြုံစွာပြန်တွေ့ခဲ့ပြီး ၎င်းတို့၏အမည်များကို အများပြည်သူသို့ ဖော်ပြခဲ့သည်။ ဩဂုတ် ၈ ရက်က တောမီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး မော်အီကျွန်းလာဟိုင်းနားမြို့တွင် တောမီးလောင်ခဲ့သည်။

လူပေါင်း ၁၁၅ ဦး အသက်ဆုံးရှုံးခဲ့ရသည့် အဆိုပါတောမီးသည် ဟာဝိုင်ယီသမိုင်းတွင် အဆိုးရွားဆုံးဖြစ်ခဲ့ပြီး ရာစုနှစ်တစ်ခုအတွင်း အမေရိကန်တွင်အသေအပျောက်အများဆုံး တောမီးဖြစ်ခဲ့သည်။ **ဆင်ဟွာ**



## နေကိုလေ့လာမည့် ဂြိုဟ်တုကို အိန္ဒိယ အောင်မြင်စွာလွှတ်တင်

**နယူးဒေလီ စက်တင်ဘာ ၂**

အိန္ဒိယနိုင်ငံ၏ ချန်ဒရာယန်း - ၃ လပေါ်သွားယာဉ်သည် လ၏ တောင်ဝင်ရိုးစွန်းအနီးတွင် ပထမဆုံးအကြိမ် အောင်မြင်စွာဆင်းသက်နိုင်ခဲ့ပြီး ရက်အနည်းငယ်အကြာတွင် နေကို လေ့လာမည့် ဂြိုဟ်တုကို အောင်မြင်စွာလွှတ်တင်နိုင်ခဲ့သည်။

အဒိတျာ-အယ် ၁ ဟု အမည်ပေးထားသည့် နေစူးစမ်းလေ့လာရေးအာကာသယာဉ်ကို စက်တင်ဘာ ၂ ရက်တွင် PSLV-C57 ဒုံးကျည်ဖြင့် လွှတ်တင်ခဲ့သည်။ အန်ဒရာပရာဒေ့ရှ်ပြည်နယ် သီရိဟာရိကိုတာရှိ ဆာတစ်ရှ်ဒါဟ်ဝန် အာကာသစင်တာမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဒုံးကျည်ဖြင့် လွှတ်တင်မှုကို ပြည်တွင်းရုပ်သံမီဒီယာများတွင်သာမက အိန္ဒိယအာကာသ သုတေသနအဖွဲ့အစည်း (အက်စ်ရို) ၏ ဆိုရှယ်မီဒီယာပလက်ဖောင်းများမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့် ပြသခဲ့သည်။ နေစူးစမ်းလေ့လာရေး ဂြိုဟ်တုခရီးစဉ်၏အကွာအဝေးမှာ ကမ္ဘာမြေမှ ကီလိုမီတာ ၁ ဒသမ ၅ သန်း အကွာတွင်ရှိပြီး အဆိုပါနေရာသို့ ရောက်ရှိရန် ရက်ပေါင်း ၁၂၅ ရက်နီးပါး ကြာမြင့်မည်ဖြစ်သည်။

ဂြိုဟ်တုရောက်ရှိရမည့်နေရာမှာ နေနှင့်ကမ္ဘာကဲ့သို့ ကြီးမားသော အရာဝတ္ထုကြီးနှစ်ခုကြား ဆွဲငင်အားကို အချင်းချင်းချေဖျက်ပြီး အာကာသယာဉ် ပျံဝဲနေနိုင်သည့်နေရာဖြစ်သည်။ အဆိုပါနေရာတွင် ကမ္ဘာက နေကိုလှည့်ပတ်သည့် နှုန်းထားအတိုင်း နေကို လှည့်ပတ်နိုင်မည်ဖြစ်သည်။ အဒိတျာ-အယ် ၁ အတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၃၅ သန်း ကုန်ကျသည်ဟု သိရသည်။

နေ၏ ထူးဆန်းသောအရာများကိုရှာဖွေရန် အဒိတျာ- အယ် ၁ သည် အိန္ဒိယ၏ ပထမဦးဆုံး အာကာသအခြေစိုက် စူးစမ်းလေ့လာရေးခရီးစဉ်ဖြစ်လာမည်ဟု အက်စ်ရိုက အစောပိုင်းတွင် ကြေညာခဲ့သည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံ၌ စံချိန်တင်အပူပြင်းဆုံးနွေရာသီနှင့် ကြုံတွေ့နေ

**တိုကျို စက်တင်ဘာ ၂**

ယခုနှစ်နွေရာသီတွင် ဂျပန်နိုင်ငံ၏ ပျမ်းမျှအပူချိန်မှာ အချက်အလက်စစ်တမ်း စတင်ကောက်ယူသည့် လွန်ခဲ့သော ၁၂၅ နှစ် နောက်ပိုင်း အမြင့်မားဆုံး အပူချိန်ဖြစ်ကြောင်း မိုးလေဝသ တာဝန်ရှိသူများက ပြောသည်။

မိုးလေဝသ အေဂျင်စီက စက်တင်ဘာ ၁ ရက်တွင် ထိုကဲ့သို့ ထုတ်ပြန် ကြေညာလိုက်ခြင်းဖြစ်သည်။ ဇွန်လမှ ဩဂုတ်လအထိ ပျမ်းမျှအပူချိန်မှာ နှစ်ပေါင်း ၃၀ ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၇၆ ဒီဂရီဆဲလ်စီးယပ်စ် ပိုလွန်ခဲ့ကြောင်း သိရသည်။ ဂျပန်နိုင်ငံမြောက်ပိုင်းတွင် အဆိုပါ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီဆဲလ်စီးယပ်စ် ပိုလွန်ခဲ့သည်ဟု ဆိုသည်။

နိုင်ငံတစ်ဝန်းမှ နေရာပေါင်း ၂၄၈ ခုမှ ညဘက်အပူချိန် စံချိန်တင်မြင့်မားမှုကို ကြည့်ရှုလေ့လာစောင့်ကြည့်ခဲ့ရာ နီဂါတာစီရင်စု အိတိုအိဂဝမြို့မှာ အပူချိန် ၃၁ ဒသမ ၄ ဒီဂရီ ဆဲလ်စီးယပ်စ်အောက် မကျဆင်းခဲ့သောကြောင့် ဩဂုတ် ၁၀ ရက်သည် ဂျပန်နိုင်ငံ၏ အပူပြင်းဆုံးညအဖြစ် စံချိန်မှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံတစ်ဝန်း ပင်လယ်ရေမျက်နှာပြင်အပူချိန်မှာ သာမန်ထက် ၁ ဒီဂရီ ဆဲလ်စီးယပ်စ် မြင့်တက်ခဲ့သည်။ အဆိုပါ အပူချိန်မှာလည်း အချက်အလက်စစ်တမ်းကောက်သည့် ၁၉၈၂ ခုနှစ်နောက်ပိုင်း အမြင့်မားဆုံးဖြစ်ကြောင်း သိရသည်။

မိုးလေဝသ အေဂျင်စီအောက်၌ တာဝန်ထမ်းဆောင်နေသော သိပ္ပံပညာရှင်အဖွဲ့ တစ်ဖွဲ့သည် ယခုနှစ်နွေရာသီမှာ ပုံမှန်မဟုတ်ကြောင်း ပြီးခဲ့သည့် တနင်္လာနေ့တွင် ပြောသည်။ **အင်န်အိတ်ချ်ကေ**



## တရုတ်ကမ်းလွန် လေအားတာဘိုင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအများဆုံး ကမ္ဘာ့စံချိန်သစ်တင်



**ဖူကျိုး စက်တင်ဘာ ၂**

တရုတ်နိုင်ငံအရှေ့ဘက် ဖူကျန့်ပြည်နယ် ကမ်းလွန်တွင် ၁၆ မဂ္ဂါဝပ် ကမ်းလွန်လေရဟတ် တာဘိုင်ကို တီထွင်ထုတ်လုပ်ပြီး တစ်ရက်အတွင်း လျှပ်စစ်ဓာတ်အား ယူနစ်အများဆုံးထုတ်လုပ်မှု ကမ္ဘာ့စံချိန်သစ် တင်နိုင်ခဲ့ကြောင်း တာဘိုင်ထုတ်လုပ်ရေးကုမ္ပဏီက စက်တင်ဘာ ၁ ရက်တွင် ပြောကြားသည်။

**နေ့စဉ် ၃၈၄၁၀၀ ကီလိုဝပ်နာရီထုတ်ပေးမည်**

တရုတ်နိုင်ငံ သရီးဂျော့ဂျက်ကော်ပိုရေးရှင်းမှ တည်ဆောက်သည့် ကမ်းလွန်လေရဟတ်တာဘိုင်သည် ၂၄ နာရီဆက်တိုက် အမြင့်ဆုံးဓာတ်အား ထုတ်လုပ်မှုအနေဖြင့် နေ့စဉ်လျှပ်စစ်ဓာတ်အား ၃၈၄၁၀၀ ကီလိုဝပ်နာရီ ထုတ်လုပ်ပေးမည်ဖြစ်သည်။

၎င်း၏ စွမ်းရည်အမြင့်ဆုံး၊ အကြီးဆုံး ရဟတ်အရွယ်အစားနှင့် ကမ္ဘာ့အပေါ့ပါးဆုံး မဂ္ဂါဝပ်ထုတ်လုပ်မှုအလေးချိန်ရှိပြီး အဆိုပါ လေရဟတ်တာဘိုင်သည် နှစ်စဉ်သန့်ရှင်းသော လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီပေါင်း ၆၆ သန်းကျော် ထုတ်လုပ်နိုင်မည်ဟု မျှော်လင့်ထားကြောင်း ကုမ္ပဏီက ပြောကြားသည်။

**ပင်မလျှပ်စစ်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပို့လွှတ်နိုင်ခဲ့**

ယင်းလေရဟတ်တာဘိုင်ကို ဇွန်လနှောင်းပိုင်းတွင် တပ်ဆင်ပြီးစီးခဲ့ပြီး ဇူလိုင် ၁၉ ရက်မှ စတင်ကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်၍ ပင်မလျှပ်စစ်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပို့လွှတ်နိုင်ခဲ့သည်။ **ဆင်ဟွာ**

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့၊ ရွာများ၊ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂**

ယခုအချိန်အခါတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏မြို့ရွာဒေသများသန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိသည့်အပြင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ဝါတွင်းကာလအတွင်း ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ဘုရားဖူးလာရဟာန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးမြော်နိုင်ရေးနှင့် တရားဘာဝနာများ အားထုတ်နိုင်ရေးတို့အတွက် ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌လည်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ လင်းခေးမြို့နယ်နှင့် ကွန်ဟိန်းမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေးမြို့နယ်၌လည်းကောင်း၊ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်၊ လူရွယ်များစုစည်း၍ "မြို့ရွာ သန့်ရှင်း ရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများ ဝတ်ဆင်ပြီး မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် အဘယာရာမ ရွှေဂူကျောင်းတိုက်ဝင်းအတွင်းနှင့် ပုသိမ်ကြီးမြို့နယ် နှမ်းကြဲရပ်ကွက် အေးမြမြိုင်ဘုန်းကြီးကျောင်းဝင်းအတွင်း/အပြင်တို့၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူ၍ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၂**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကိုလည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးညှင်းတက္ကသိုလ် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပ

**မိုးညှင်း စက်တင်ဘာ ၂**

ကချင်ပြည်နယ် မိုးညှင်းတက္ကသိုလ် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် စာတမ်းဖတ်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက်က တက္ကသိုလ်ရတနာခန်းမ၌ ကျင်းပရာ မိုးညှင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမဥ္ဇူမြင့်က Fish Farming Practices in Mohnyin Environs ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြား၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် စာတမ်းများဖတ်ကြားကြမည့် စာတမ်းရှင်များက အလှည့်ကျဖြင့် ဖတ်ကြားကြရာ ဝိဇ္ဇာဘာသာရပ်များတွင် ရှစ်ဦးနှင့် သိပ္ပံဘာသာရပ်များတွင် ၁၃ ဦး စုစုပေါင်း ၂၁ ဦး ဖတ်ကြားခဲ့ကြကြောင်း သိရသည်။

အဆိုပါစာတမ်းဖတ်ပွဲသို့ တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး) များ၊ ဆရာ ဆရာမများ၊ စာတမ်းဖတ်ကြားကြမည့် စာတမ်းရှင်များနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ဩဂုတ် ၃၁ ရက် ညနေ ၅ နာရီတွင် တက္ကသိုလ်ပင်မဆောင်ရှေ့၌ကျင်းပသည့် ညစာစားပွဲနှင့် ဂီတဆည်းဆာ မိတ်ဆုံစားပွဲကို မိုးညှင်းတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီး ဝသုန်စိုး၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ တက္ကသိုလ်မိသားစုဝင်များနှင့် ကျောင်းသားကျောင်းသူများ အတူတကွ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**ရွှေမိုးညှင်း(ပြန်/ဆက်)**

## ဘုရင့်နောင်ကုန်စည်ဒိုင်၌ စားသုံးဆီ တစ်ပိဿာ ၄၃၀၀ ကျပ်ဖြင့် သတ်မှတ်ဈေးအတိုင်းစတင်ရောင်းချ

**ရန်ကုန် စက်တင်ဘာ ၂**

ပြည်တွင်း စားသုံးဆီဈေးနှုန်းတည်ငြိမ်ကျဆင်းစေရန် စားသုံးဆီများကို ဈေးကွက်အတွင်း ပျံ့နှံ့ရောက်ရှိစေရန်နှင့် စားသုံးသူများ သက်သာသောဈေးဖြင့် ဝယ်ယူရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက စီစဉ်ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စားသုံးဆီလက်လီ၊ လက်ကားကုန်သည်များ၊ ဆီအရောင်းဆိုင်များအနေဖြင့် လက်ကားရည်ညွှန်းဈေးနှုန်းဖြင့် ဝယ်ယူရရှိစေရေးအတွက် ဈေးကွက်အတွင်း တိုက်ရိုက်ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် စက်တင်ဘာ ၂ ရက်က စားသုံးသူပြည်သူများ လက်ဝယ်တိုက်ရိုက်ရောက်ရှိစေရန် ရည်ရွယ်ပြီး ဘုရင့်နောင်ကုန်စည်ဒိုင် ပွဲရုံဝင်းအတွင်း၌ စားသုံးဆီ တစ်ပိဿာလျှင် ၄၃၀၀ ကျပ်နှုန်းဖြင့် OK ဆီနှင့် ဆန်ရောင်းဝယ်ရေး၊ ဇေတိက ဆီနှင့် ဆန်ရောင်းဝယ်ရေး၊ ထက်အာကာ ဆီနှင့်ကုန်မျိုးစုံရောင်းဝယ်ရေး၊ ဟံသာညီနောင် ဆီရောင်းဝယ်ရေး၊ ဖွဲပြည့်အောင် ဆီဆိုင်၊ မသက်သက်ထွန်းဆီဆိုင်တို့က စားသုံးသူပြည်သူများ လက်ဝယ်သို့ တန်းစီစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။



"ကျွန်တော်တို့ ကုန်စည်ဒိုင်တွေအနေနဲ့ ယနေ့မှာ ပြည်သူတွေကို သက်သာတဲ့သတ်မှတ်ဈေးနှုန်းများအတိုင်း ရောင်းချပေးနေပါတယ်။ ဒါ့အပြင် ရပ်ကွက်အတွင်းမှာလည်း ဆီဈေးနှုန်းတည်ငြိမ်စေဖို့ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းက မြို့နယ်၊ ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များကိုလည်း သတ်မှတ်ဈေးနှုန်းများနဲ့ ဖြန့်ဝေရောင်းချပေးမှုတွေကိုလည်း ဆောင်ရွက်နေပါတယ်" ဟု ဘုရင့်နောင်ကုန်စည်ဒိုင်ပွဲရုံဝင်းရှိ ဆီကုန်သည်တစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အနေဖြင့် စားသုံးဆီဈေးနှုန်းတည်ငြိမ်စေရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်း၍ စားသုံးသူများ သက်သာချောင်ချိစွာ စားသုံးနိုင်ရန် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဘုရင့်နောင်ပွဲရုံဝင်းအတွင်းသာမက လှိုင်မြို့နယ် (၁၆)ရပ်ကွက် မာလာမြိုင်လမ်းရှိ ယုန်မလေးကုန်စုံဆိုင်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းက သတ်မှတ်ခွဲဝေပေးထားသည့် လက်လီ၊ လက်ကားရောင်းချသည့် ဆီဆိုင်များတွင်လည်း အသင်းမှချမှတ်ပေးထားသည့် ဈေးနှုန်းအတိုင်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# အရှေ့အာရှ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စံပြစီမံကိန်းနှင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး

■ ညိုညိုဝင်း-ကျေးလက်

**မြန်မာနိုင်ငံတွင် လူဦးရေ ၅၄ သန်းကျော်ရှိရာ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြသူများဖြစ်ကြသည်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြနှင့် ကျေးလက် ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းစေရေးနှင့် ဆင်းရဲမှုလျှော့ချစေရေးအတွက် နယ်မြေဒေသအလိုက် ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲချမှတ်၍ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် အစိုးရ-ပုဂ္ဂလိက-ပြည်သူပူးပေါင်းဆောင်ရွက်မှုဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။**

ယခုကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် အဓိကအခြေခံလိုအပ်ချက်ဖြစ်သည့် ကျေးလက်အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးတစ်ခုတည်း ဆောင်ရွက်ခြင်းမဟုတ်ဘဲ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အထောက်အကူပြုရေးအတွက်ပါ ယှဉ်တွဲဆောင်ရွက်နိုင်ရန် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေနိုင်မည် ဖြစ်ပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ရရှိနိုင်မည့် ဘဏ္ဍာငွေအရင်းအမြစ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်သူ့ဘဏ္ဍာရန်ပုံငွေ၊
( ခ ) အကူအညီရငွေ၊
( ဂ ) ပြည်ပချေးငွေ၊
(ဃ) ပြည်သူထည့်ဝင်ငွေ၊
( င ) ပြည်တွင်း ပုဂ္ဂလိက/အဖွဲ့အစည်းများမှ ထည့်ဝင်လှူဒါန်းငွေ။

အဆိုပါ ဘဏ္ဍာရန်ပုံငွေများအနက် **အကူအညီရငွေဟု ဆိုရာတွင်** နိုင်ငံခြားအစိုးရများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အစိုးရအဖွဲ့အစည်းများ ဆောင်ရွက်နေသော လုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများအတွက် အသုံးစရိတ်များကို စေတနာအလျောက် အကူအညီပေးသည့် ပြန်လည်ပေးဆပ်ရန်မလိုသော ထောက်ပံ့ငွေ (ငွေကြေး၊ ပစ္စည်းနှင့် ဆောင်ရွက်ပေးမှု)ဖြစ်ပြီး ရေတိုရေရှည် အကျိုးဖြစ်ထွန်းစေမည့် အထောက်အပံ့များပင် ဖြစ်ပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ရန် ဘဏ္ဍာငွေအရင်းအမြစ်တစ်ခုဖြစ်သည့် အကူအညီရငွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကူညီထောက်ပံ့၍ ကျွန်မတို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ အကောင်အထည်ဖော်လျက်ရှိသော **အရှေ့အာရှဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စံပြစီမံကိန်း**အကြောင်းကို တင်ပြပါမည်။

### နောက်ခံသမိုင်း

မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၇) ကြိမ်မြောက် အာဆီယံ+၃ (တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား) နိုင်ငံခေါင်းဆောင်များအစည်းအဝေးတွင် တရုတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီခချန်က အရှေ့-အာရှဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှု ကနဦးဆောင်ရွက်ချက် လုပ်ငန်းများအား ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း အဆိုပြုဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဆွေးနွေးချက်အရ **လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ** သုံးနိုင်ငံရှိ **ကျေးရွာ ၆ ရွာတွင် “အရှေ့အာရှဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစံပြစီမံကိန်း”** အမည်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် “**အရှေ့အာရှ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စံပြစီမံကိန်း**” ကို နေပြည်တော်ကောင်စီနယ်မြေနှင့် ၈၀ ကီလိုမီတာခန့်ကွာဝေးသည့် လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာနှင့် ၆၁ ကီလိုမီတာခန့် ကွာဝေးသည့် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းကို ထောက်ပံ့ငွေကျပ် ၂၂၇၂ ဒသမ ၂၅ သန်းဖြင့် ၂၃-၁-၂၀၁၈ မှ ၂၃-၁-၂၀၂၁ အထိ သုံးနှစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရပါသည်။



အရှေ့အာရှ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစံပြစီမံကိန်း အကောင်အထည်ဖော်ထားသော ကျေးရွာတစ်ရွာ။

**မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၇) ကြိမ်မြောက် အာဆီယံ+၃ (တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား) နိုင်ငံခေါင်းဆောင်များ အစည်းအဝေးတွင် တရုတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီခချန်က အရှေ့-အာရှ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှု ကနဦးဆောင်ရွက်ချက်လုပ်ငန်းများအား ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း အဆိုပြုဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဆွေးနွေးချက်အရ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ သုံးနိုင်ငံရှိ ကျေးရွာ ၆ ရွာတွင် “အရှေ့အာရှ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စံပြစီမံကိန်း” အမည်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့**

### စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ

အဆိုပါစီမံကိန်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် စီမံကိန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်မှုရုံးအား ဖွဲ့စည်းခဲ့ပြီး တရုတ်နိုင်ငံဘက်မှ ဝန်ထမ်းများနှင့် ပူးပေါင်းတာဝန်ယူ၍ စီမံကိန်းတစ်ခုလုံး အကောင်အထည်ဖော်မှု၊ ညှိနှိုင်းမှုနှင့် လမ်းညွှန်မှု၊ ကြီးကြပ်ကွပ်ကဲမှု၊ စောင့်ကြည့်အကဲဖြတ်မှု၊ နည်းပညာဆိုင်ရာ အကူအညီထောက်ပံ့ပေးမှု စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပါသည်။

စီမံကိန်းတွင် အခြေခံအဆောက်အဦ တည်ဆောက်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေး၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ နည်းပညာအကူအညီပေးခြင်း စသည့် လုပ်ငန်းများ ပါဝင်ပါသည်။ စီမံကိန်းမှ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းအားဖြင့် စီမံကိန်းကျေးရွာ နှစ်ရွာတွင် အိမ်ထောင်စု ၁၄၈၁ စုနှင့် လူဦးရေ ၇၈၂၀ အား လူမှုစီးပွား ဖွံ့ဖြိုးရေးဆိုင်ရာ အကျိုးကျေးဇူး ရရှိစေခဲ့သည်။

### လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာတွင် စီမံကိန်းဆောင်ရွက်မှု

စီမံကိန်းကျေးရွာတစ်ရွာဖြစ်သည့် မင်းပြင်ကျေးရွာတွင် အခြေခံအဆောက်အဦလုပ်ငန်းများအနေဖြင့် ကွန်ကရစ်လမ်း ၊ ရေကာနံရံ ၄၉၅ ပေ ၊ တွင်းနက်တူးဖော်ခြင်း၊ အိမ်တိုင်ရာရောက် ရေပိုက်လိုင်း သွယ်တန်းခြင်းတို့အပြင် မီးလင်းရေးလုပ်ငန်းတွင် ၁၁ ကေဗွီလိုင်း ပေ ၁၃၀၀၊ ၀.၄ ကေဗွီလိုင်း ၄ ဒသမ ၅၃ မိုင်၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာနှင့် ဓာတ်အားခွဲရုံနှင့် ဆိုလာလမ်းမီးတိုင် တပ်ဆင်ခြင်း လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအနေဖြင့် နှစ်ထပ်ကျောင်းဆောင်သစ်၊ ကျောင်းအားကစားကွင်း ပြန်လည်ပြုပြင်ခြင်း၊ ကျောင်းသုံးစားပွဲနှင့် ကုလားထိုင် ၁၄၄ စုံ၊ ဆရာ ဆရာမများ စားပွဲခုံ ရှစ်စုံ ထောက်ပံ့ပေးခြင်း၊ လူထုဖွံ့ဖြိုးမှုစင်တာ တည်ဆောက်ပေးခြင်း၊ စွန့်ပစ်အမှိုက်စီမံခန့်ခွဲခြင်းစနစ်နှင့် အသိပညာပေးခြင်းအပြင် စီမံကိန်းမှ အမှိုက်သိမ်းယာဉ် သုံးဘီးတစ်စီး၊ အမှိုက်စွန့်ပစ်ကျင်း တစ်ကျင်း၊ အမှိုက်ပုံးများနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် **စိုက်ပျိုးရေး** ကဏ္ဍအနေဖြင့် စပါး၊ နှမ်း၊ မြေပဲသီးနှံများကို စံပြစိုက်ကွက်များအဖြစ် စိုက်ပျိုး၍ သွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များ ပံ့ပိုးပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများ ပို့ချပေးခြင်း၊ စံပြပျိုးခြံ တစ်ခြံ တည်ထောင်၍ ရာသီအလိုက် သီးနှံများနှင့်ပန်းများ စိုက်ပျိုးခြင်း၊ အိမ်ထောင်စု ၃၀ သို့ မျိုးစေ့များပံ့ပိုး၍ နေအိမ်ခြံဝင်းများတွင် တစ်နိုင်တစ်ပိုင် စိုက်ခင်းများ ဖော်ဆောင်ပေးခြင်း၊ **မွေးမြူရေးလုပ်ငန်း**အနေဖြင့် တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာရှိမွေးမြူရေး စိတ်ပါဝင်စားသူများအား အစုအဖွဲ့ ဖွဲ့စည်းပေးကာ ကြက်ခြံ နှစ်ခြံ တည်ဆောက်၍ စီမံကိန်းမှ လိုအပ်သော မွေးမြူရေး ဆိုင်ရာသင်တန်းများ ပို့ချခြင်း၊ တိုင်းရင်းကြက်မျိုး အကောင် ၄၀၀ နှင့် မွေးမြူရေးဆေး သုံးလစာ ပံ့ပိုးပေးခြင်း၊ ၎င်းအပြင် **ဝါးလက်မှုလုပ်ငန်း** နည်းပညာသင်တန်းများ ဖွင့်လှစ်ခြင်း၊ ဝါးလက်မှုလုပ်ငန်းအတွက် အလုပ်ရုံတစ်ခု တည်ဆောက်ခြင်း၊ ဝါးပေါင်းကန်နှင့် လိုအပ်သော ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဈေးကွက်ဝင် ဝါးလက်မှုပစ္စည်းများ ထွက်ရှိသည်အထိ ဆောင်ရွက်ပေးခဲ့ပါသည်။

### တပ်ကုန်းမြို့နယ် အေးချမ်းသာကျေးရွာတွင် စီမံကိန်းဆောင်ရွက်မှု

အခြေခံအဆောက်အဦ တည်ဆောက်ခြင်း လုပ်ငန်းများအနေဖြင့် အေးချမ်းသာကျေးရွာတွင် ကွန်ကရစ်လမ်း၊ ရွာတွင်းရိုစာလမ်းဖောက်လုပ်ခြင်း၊ ရေရရှိရေးလုပ်ငန်းတွင် ကျေးရွာနှင့် နှစ်မိုင်ခန့် အကွာအဝေးရှိ ဆင်သေဆည် ရေသောက်ရေကန်မှ ကျေးရွာသို့ ပိုက်လိုင်းဖြင့် ရေသွယ်ယူခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစင်နှင့် ဂါလန် ၂၀၀၀၀ ဆံ့ ရေစစ်ကန် တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ မီးလင်းရေးလုပ်ငန်းတွင် ၁၁ ကေဗွီလိုင်း ပေ ၃၀၀၊ ၀ ဒသမ ၄ ကေဗွီလိုင်း ၂၁၁၃ ပေ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ၊ ၅၀ ကေဗွီအေ ထရန်စဖော်မာနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ပေးခြင်း၊ အများနှင့် သက်ဆိုင်သည့် အဆောက်အဦများတွင် ဆိုလာမီးတိုင် ၁၄ တိုင်၊ လမ်းမီးတိုင် ၂၆ တိုင် စုစုပေါင်း ဆိုလာမီးတိုင် ၄၀ တို့ကို အကောင် အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအနေဖြင့် အေးချမ်းသာကျေးရွာတွင် စာကြည့်တိုက်ပါဝင်သော ကျောင်းဆောင်သစ်၊ ကျောင်းအိမ်သာ လေးခန်းတွဲ နှစ်လုံးနှင့် ဆရာ ဆရာမ အိပ်ဆောင်၊ လူထုဖွံ့ဖြိုးရေးစင်တာ တည်ဆောက်ပေးခြင်း၊ စတုရန်းပေ ၃၂၀၀ ကျောင်းအားကစားကွင်းနှင့် ကျောင်းခြံစည်းရိုး၊ ကျောင်းစားပွဲနှင့် ကုလားထိုင် အစုံ ၂၀၀၊ ဆရာ ဆရာမစားပွဲခုံ ခြောက်စုံ ထောက်ပံ့ပေးခြင်း၊ စတုရန်းပေ ၉၀၀ ဆေးပေးခန်းနှင့် ၃၄၅၆ စတုရန်းပေ အားကစားကွင်း တည်ဆောက်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စွန့်ပစ်အမှိုက်စီမံခန့်ခွဲခြင်းစနစ် မိတ်ဆက်အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး စီမံကိန်းမှအမှိုက်သိမ်းယာဉ် သုံးဘီး တစ်စီး၊ အမှိုက်စွန့်ပစ်ကျင်း တစ်ကျင်း၊ အမှိုက်ပုံးများ၊ ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအနေဖြင့်လည်း ကျေးရွာစိုက်ပျိုးရေးကဏ္ဍအတွက် လယ် ၄၃ ဧကတွင် စပါး၊ နှမ်း၊ မြေပဲ၊ မတ်ပဲ၊ နေကြာသီးနှံများကို စံပြစိုက်ကွက်များအဖြစ် စိုက်ပျိုး၍ သွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များ ပံ့ပိုးပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ ပို့ချပေးခြင်း၊ စံပြပျိုးခြံ တစ်ခြံတည်ထောင်၍ ရာသီအလိုက်သီးနှံများနှင့် ပန်းများစိုက်ပျိုးခြင်း၊ အိမ်ထောင်စု ၇၆ စုသို့ မျိုးစေ့များပံ့ပိုး၍ နေအိမ်ခြံဝင်းများတွင် တစ်ပိုင်တစ်နိုင်စိုက်ခင်းများ ဖော်ဆောင်ပေးခြင်းအပြင် မှိုစိုက်ပျိုးခြင်း နည်းပညာသင်တန်း ဖွင့်လှစ်ပို့ချပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မွေးမြူရေးလုပ်ငန်းအနေဖြင့် နည်းပညာသစ်အသုံးပြု၍ စံပြဝက်မွေးမြူနိုင်ရန်အတွက် မွေးမြူရေးစိတ်ပါဝင်စားသူများအား အစုအဖွဲ့စနစ်ဖြင့် စံပြဝက်မွေးမြူရေးခြံတည်ဆောက်ပေးခြင်း၊ မွေးမြူရေးဆိုင်ရာနှင့်ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်း၊ အစာနှင့်ဆေး ထောက်ပံ့ပေးခြင်းလုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အသေးစားစက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးရေးအတွက်လည်း စက်ရက်ကန်းအထည်စက်ရုံ တည်ဆောက်ပေးခြင်း၊ စက်ရက်ကန်းစင် လေးစုံ၊ ချည်ဖောက်စက်တစ်စုံနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အားပေးမြှင့်တင်ဆောင်ရွက်ခဲ့သည်။

**အဖွဲ့အစည်းဆိုင်ရာ**
**စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း**

စီမံကိန်းမှ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများအနေဖြင့် စီမံကိန်းဝန်ထမ်းများအား စီမံကိန်းလုပ်ငန်းများကို ကျွမ်းကျင်စွာကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများပို့ချခြင်း၊ ကျေးရွာကော်မတီများ စနစ်တကျဖွဲ့စည်းထားရှိပြီး ကျေးရွာလူထု စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အခြေခံအဆောက်အဦနှင့် ဝယ်ယူရေးဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်သော သင်တန်းစုစုပေါင်း ၂၂ ကြိမ် ဖွင့်လှစ်ပို့ချခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**အတွေ့အကြုံမျှဝေဖလှယ်ခြင်း**

၂၀၁၉ ခုနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပသော အရှေ့ - အာရှဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများအား ကွင်းဆင်းလေ့လာခြင်းနှင့် အတွေ့အကြုံ မျှဝေဖလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် ဒေသတွင်း အတွေ့အကြုံများ မျှဝေဖလှယ်ခြင်းအနေဖြင့်လည်း ၂၀၁၉ ခုနှစ်တွင် မကွေးမြို့နယ်ရှိ အစုအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် နှမ်းစက်ရုံတည်ဆောက်လည်ပတ်ခြင်းနှင့် ကျေးရွာများတွင် အစုအဖွဲ့ဖြင့် ဒေသကြက်မွေးမြူရေးလုပ်ငန်း၊ တပ်ကုန်းမြို့နယ်အတွင်း CP Livestock ကုမ္ပဏီမှ ခေတ်မီနည်းစနစ်ဖြင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အသိပညာပေးခြင်းလုပ်ငန်း၊ ဝမ်းတွင်းမြို့နယ်ရှိ ရက်ကန်းစက်ရုံကို ကွင်းဆင်းလေ့လာခြင်း၊ စီမံကိန်းကျေးရွာ နှစ်ရွာရှိ ရွာသူ ရွာသားများမှ စီမံကိန်းလုပ်ငန်းများကို အပြန်အလှန် သွားရောက်လေ့လာခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။ တရုတ်နိုင်ငံမှ ဝန်ကြီးဌာနကိုယ်စားလှယ်များ ၊ NGO/ INGO အဖွဲ့များ၊ CCTV ၊ CGTN ၊ Phoenix စသော တရုတ်နိုင်ငံရှိ မီဒီယာများ၊ ကိုယ်စားလှယ်များမှလည်း စီမံကိန်းကျေးရွာများသို့ လေ့လာရေးခရီးစဉ်များ လာရောက်ခဲ့သည်။ ထို့ပြင် ၂၀၁၉ ခုနှစ်တွင် မင်းပြင်ကျေးရွာမှ ကျေးရွာသူ ငါးဦးကို ရေနီမြို့နယ်ရှိ SUMEC အထည်အလိပ်စက်ရုံတွင် အလုပ်အကိုင်ရရှိစေရန် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ**
**စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု**

စီမံကိန်း၏ တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများ တိုးတက်ကောင်းမွန်မှု၊ အရည်အသွေးပြည့်မီမှု၊ သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်မှု၊ ဘဏ္ဍာငွေစီမံခန့်ခွဲမှုကိစ္စရပ်များတွင် ကြီးကြပ်ဆောင်ရွက်ရန်နှင့် လိုအပ်သည့် အကြံဉာဏ်များ ပံ့ပိုးကူညီရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ယူနန်ဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီမှ တာဝန်ခံ အင်ဂျင်နီယာ နှစ်ဦးအား ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့မှစတင်၍ တာဝန်ပေးခန့်အပ်ခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိအင်ဂျင်နီယာများ အရည်အသွေးစစ်ဆေးရေးအဖွဲ့များနှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး စီမံကိန်းကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ၏ အရည်အသွေး စံချိန်စံညွှန်းများကို အကဲဖြတ်သုံးသပ်၍ အစီရင်ခံစာရေးသားပြုစုခြင်းများ ဆောင်ရွက်ခဲ့သည်။

၎င်းအပြင် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် Joint Project Management Office(JPMO)ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) တွင် ဖွဲ့စည်းထားရှိပြီး စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့၊ စီမံကိန်းအရည်အသွေးစစ်ဆေးရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ဝယ်ယူရေးနှင့် တင်ဒါစိစစ်လက်ခံရေးအဖွဲ့များကို စနစ်တကျ ဖွဲ့စည်းထားရှိခဲ့ပါသည်။

**စီမံကိန်းအကျိုးရလဒ်နှင့်**
**အကျိုးသက်ရောက်မှု**

ဤစီမံကိန်းသည် အမှန်တကယ် သိသာထင်ရှားစွာ အကျိုးထိရောက်မှုရှိသော စီမံကိန်းလုပ်ငန်းဖြစ်ပြီး တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား နီးနီးကပ်ကပ် လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ပေးစေခဲ့ပါသည်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု၏ ရလဒ်ကောင်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုစင်တာနှင့် မြန်မာနိုင်ငံအစိုးရဘက်မှ အဆင့်ဆင့်သော တာဝန်ရှိသူများက အသိအမှတ်ပြု ချီးကျူးခဲ့ကြသလို စီမံကိန်းကျေးရွာသူ ရွာသားများကလည်း စီမံကိန်းအပေါ် စိတ်ကျေနပ်မှုများ ရရှိခဲ့ကြောင်း သိရှိခဲ့ရပါသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သော "(၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး"တွင် တက်ရောက်လာကြသည့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အာဆီယံ ၁၀ နိုင်ငံမှ ကိုယ်စားလှယ် ၉၀ ကျော်မှ ကွင်းဆင်းလေ့လာနိုင်ရန်အတွက် အေးချမ်းသာကျေးရွာအား စံနမူနာကျေးရွာအဖြစ် ရွေးချယ်ပြသနိုင်ခဲ့ပါသည်။ အဆိုပါ ကိုယ်စားလှယ်များက အေးချမ်းသာကျေးရွာတွင် ကွင်းဆင်းလေ့လာခဲ့ပြီးနောက် ကျေးရွာ၏ စီမံကိန်းဆောင်ရွက်ထားရှိမှုများအား နိုင်ငံတကာဆင်းရဲနွမ်းပါးမှုလျှော့ချရေး စံပြစီမံကိန်းတစ်ခုဖြစ်သည်ဟု ကိုယ်စားလှယ်များက အသိအမှတ်ပြုခဲ့သည်။

စီမံကိန်းကျေးရွာ နှစ်ရွာတွင် လိုအပ်သော အသက်မွေးဝမ်းကျောင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများ ပို့ချခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် စီမံကိန်းကျေးရွာနေ ရွာသူ ရွာသားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာပြီး ကျေးရွာတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး စဉ်ဆက်မပြတ် ထုတ်ကုန်များ ရရှိလာစေခြင်းဖြင့် စီးပွားရေးအခြေခံကောင်းများ ရရှိလာစေပါသည်။

ကျေးလက်ဒေသ အခြေခံအဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စီမံကိန်းကျေးရွာ၏ လူနေမှုအဆင့်အတန်းမြင့်မားလာ၍ လူမှုစီးပွားဘဝများ သိသာစွာ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာခဲ့ပြီး စီမံကိန်းကျေးရွာ နှစ်ရွာ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသော အုတ်မြစ်ဖြစ်ခဲ့ပါသည်။ ကျေးရွာများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဂေဟဗေဒစနစ်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အသိပညာမြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ခြင်းအားဖြင့် ကျေးရွာသူ ရွာသားများသည် သင်ယူရရှိခဲ့သော အသိအမြင်များကို ကျင့်သုံး၍ စီမံကိန်းလုပ်ငန်းများအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ စီမံကိန်းကျေးရွာ နှစ်ရွာသာမက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများမှ ဝန်ထမ်းများလည်း နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သည့် အတွေ့အကြုံကောင်းများ ရရှိခဲ့သည်။

**ခေတ်မီစံပြကျေးရွာစီမံကိန်း(Smart Village)**
**မွေးဖွားခြင်း**

ဤစီမံကိန်းမှ ရရှိလာသော ဖွံ့ဖြိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ၊ ၁၀ နှစ်တာ ကာလအတွင်း ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ခဲ့သော ကျေးလက်ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ၏ အတွေ့အကြုံကောင်းများအပေါ် အခြေခံ၍ ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိအကြီးအကဲများ၊ ဖွံ့ဖြိုးရေးဆိုင်ရာပညာရှင်များက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကို ဒီဇိုင်းရေးဆွဲဖော်ထုတ်ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်မှစတင်၍ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့တွင် ကျေးရွာ တစ်ရွာစီ Pilot အဖြစ် ရွေးချယ်၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် ကျေးရွာ ၈၈ ရွာအထိ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်**

ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်းမှရရှိသော အကျိုးရလဒ်များကို အခြေခံ၍ "တရုတ်နိုင်ငံအထောက်အပံ့ဖြင့် အရှေ့ - အာရှဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း(အဆင့်-၂) (China-Aided East Asia Poverty Reduction Cooperation Project Phase-II (Myanmar)"ကို ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၅ သန်းဖြင့် တိုင်းဒေသကြီး နှစ်ခုရှိ ကျေးရွာ နှစ်ရွာစီနှင့် ရှေ့ပြေးစီမံကိန်းအဖြစ် ဆောင်ရွက်ခဲ့သည့် စီမံကိန်းကျေးရွာ နှစ်ရွာတို့၏ စီမံကိန်းလုပ်ငန်းများအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် နှစ်နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

**အရှေ့အာရှဆင်းရဲမှု လျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစံပြစီမံကိန်း**၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော စီမံကိန်းလုပ်ငန်းများသည် ကျေးရွာရန်ပုံငွေ ထူထောင်နိုင်သည်အထိ ဝင်ငွေရရှိလာခြင်း၊ ကျေးရွာကော်မတီဝင်များ အနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ နည်းပညာများအား သင်ကြား/ဖြန့်ဝေပေးနိုင်ခြင်း၊ ရွာသူ ရွာသားများအနေဖြင့်လည်း မိသားစုဝင်ငွေတိုးတက်လာစေပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အထောက်အကူပြုနိုင်ခဲ့ရာ စီမံကိန်းကျေးရွာနှစ်ရွာရှိ လုပ်ငန်းများ ရေရှည်လည်ပတ် ထိန်းသိမ်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ခေတ်မီစံပြကျေးရွာများ နှစ်စဉ်တိုးချဲ့ ဆောင်ရွက်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

## အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ညီညွတ်သော ကျောင်းဆုကို အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း(မြစ်ကြီးနား) ရရှိခဲ့



**မြစ်ကြီးနား စက်တင်ဘာ ၂**

ကချင်ပြည်နယ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဩဂုတ်လအထိ ၁၁၁ ကြိမ်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ အစီအစဉ်တွင် အာဆီယံပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ညီညွတ်သော ကျောင်းဆုကို ရရှိခဲ့ကြောင်း ဩဂုတ် ၃၁ ရက်က ကျင်းပသည့် ပြည်နယ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်နယ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က ကချင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဟန်ချက်ညီညီ ပေါင်းစပ်နိုင်ရေးသည် အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူး ဦးအောင်ခိုင်စိုးနှင့် ကော်မတီအဖွဲ့ဝင်များက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ကချင်ပြည်နယ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီအနေဖြင့် ပြည်နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အသိပညာပေးလုပ်ငန်းများကို ၁၇၃ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး ယခုနှစ် ဩဂုတ်လအထိ ၁၁၁ ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ အစီအစဉ် ဝင်ရောက်ယှဉ်ပြိုင်ရာတွင်လည်း အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း(မြစ်ကြီးနား)အနေဖြင့် ပြည်နယ်အထက်တန်းအဆင့် ပထမဆု၊ အမျိုးသားအဆင့်သန့်ရှင်း၍စိမ်းလန်းစိုပြည်သော ကျောင်းအစီအစဉ် (အထက်တန်းအဆင့်)တွင် ပထမဆုထပ်မံရရှိခဲ့သည့်အပြင် လာအိုနိုင်ငံတွင် ကျင်းပသည့် အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ညီညွတ်သောကျောင်းဆု ASEAN ECO-School Award ဆုကိုလည်း ရရှိခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်မှ ရေတံခွန်မြို့တော်

ယဉ်လာဒ်၊ ဓာတ်ပုံ- Sai Swan

**ရေ**တံခွန်မြို့တော်လို့ တင်စားရလောက်အောင် တကယ့်ကို ရေတံခွန်တွေပေါများတဲ့ အရပ်ဒေသဟာ ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်ထဲမှာ တည်ရှိနေပါတယ်။ ဒီဒေသမှာ သဘာဝတရားက ဖန်ဆင်းပေးထားတဲ့ လက်ဆောင်မွန်ကောင်းဖြစ်တဲ့ ရေတံခွန်တွေ များစွာရှိရုံသာမက သဘာဝလိုဏ်ဂူတွေ များစွာရှိနေခြင်းကလည်း ရွာငံမြို့နယ်ကို ထင်ရှားစေတဲ့ ဝိသေသတစ်ခု ဖြစ်ပါတယ်။



ဂဏန်းကျရေတံခွန်သို့ လာရောက်ကြသည့် ပြည်တွင်းခရီးသွားများ။

ရေတံခွန်တွေ သေးသေးကြီးကြီး များစွာရှိတဲ့အနက် အထင်ရှားဆုံး ရေတံခွန်တွေကတော့ ပြည်တွင်းခရီးသွားတွေ အများဆုံးလည်ပတ်ကြတဲ့ တလုပ်ချရေတံခွန်၊ တောကျယ်ရေတံခွန်၊ အလယ်ချောင်ရေတံခွန်၊ ဆည်ကြီးကျရေတံခွန်၊ ကျောက်စက်ကျရေတံခွန် ဂဏန်းကျ(ဂဏန်းခွက်ကျ) ရေတံခွန်နဲ့ ရေပြာစမ်းရေတံခွန်တို့ ဖြစ်ကြပါတယ်။

ဒီရေတံခွန်တွေထဲမှာ ခရီးသွားများ အများဆုံး သွားရောက်လည်ပတ်ကြတဲ့ ဂဏန်းကျရေတံခွန်ဟာ လာရောက်လည်ပတ်သူ အင်မတန်များပြားတဲ့အတွက် လူမှုကွန်ရက်မှာတောင် နာမည်ကြီးလာခဲ့တဲ့ ရေတံခွန်တစ်ခုဖြစ်ပါတယ်။ ဂဏန်းကျခေါ် ဂဏန်းခွက်ကျ ရေတံခွန်ဟာ ကျောက်စက်ကျရေတံခွန် အမျိုးအစားဖြစ်ပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ရွာငံ-အောင်ပန်းလမ်း အနီး မြိုင်ရွာမှာရှိပါတယ်။ မေလဆန်းပိုင်းလောက်ကစပြီး လူမှုကွန်ရက်ပေါ်မှာ နာမည်ကြီးလာပြီးနောက် လည်ပတ်သူဦးရေ အင်မတန် များပြားလာခဲ့တယ်လို့ မြိုင်ကျေးရွာက အုပ်ချုပ်ရေးမှူးက စာရေးသူကို ပြောပါတယ်။

“လပြည့်လကွယ်နေ့တွေ ဆိုရင်တော့ တစ်ရက်ကို လူဦးရေ ၁၅၀၀ လောက် လာလည်ကြပါတယ်။ ပြီးခဲ့တဲ့ ဝါဆိုလပြည့်နေ့တုန်းကဆို လူဦးရေ ၄၀၀၀ ကျော် လာကြတယ်။ လက်ရှိမှာ ကျွန်တော်တို့တွေ ဂဏန်းကျရေတံခွန် ရေရှည်တည်တံ့ရေးအဖွဲ့ ဖွဲ့စည်းထားပြီး ဝင်ကြေးအနေနဲ့ လူတစ်ဦးကို ၅၀၀ ဝင်ကြေးကောက်ပါတယ်။ ရဟန်းသံဃာ သီလရှင်တွေကိုတော့ မကောက်ပါဘူး” လို့ ဂဏန်းကျရေတံခွန် ရေတံခွန် ရေရှည်တည်တံ့ရေးကော်မတီမှ အဖွဲ့ဝင်တစ်ဦးက စာရေးသူကို ပြောပါတယ်။ လက်ရှိမှာတော့ ဂဏန်းကျရေတံခွန်ကို လာရောက်သူ များပြားလာတဲ့အတွက် နားနေဖို့နေရာ၊ ကားဝင်း၊ လူသွားလမ်းများပြုလုပ်ထားသလို ကိုးပေပတ်လည်ဆိုင်ခန်း ပေါင်း ၂၀ ဖွင့်လှစ်ထားပြီး ဒေသခံတွေက ဈေးရောင်းချခြင်းနဲ့ နေ့စဉ်ဝင်ငွေတစ်ခုကို ရရှိနေပြီလို့ သိရပါတယ်။

ရွာငံမြို့ရဲ့ ၂၃ မိုင် အကွာမှာ တည်ရှိတဲ့ မြင်းကျဒိုးကျေးရွာအုပ်စုထဲမှာ အထင်ရှားဆုံးရေတံခွန်ကတော့ ပေ ၁၀၀၀ ကျော်မြင့်တဲ့ ဆည်ကြီးကျရေတံခွန်ဖြစ်ပြီး အလွန်လှပတဲ့ ရေတံခွန်တစ်ခုလည်းဖြစ်ပါတယ်။ မိုးရာသီကာလမှာ ရွာငံဒေသကို သွားရောက်လည်ပတ်ရင် လှပတဲ့ ရေတံခွန်များစွာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ မြင်းကျဒိုးကျေးရွာထဲက ဆည်ကြီးကျရေတံခွန်၊ ရေပြာစမ်း၊ မိန်းမရဲသခင်မတောင်၊ ရေပြာအိုင်တို့ဟာ ခရီးသွားဧည့်သည်တွေကြား ထင်ရှားတဲ့ ခရီးသွားနေရာတွေဖြစ်တယ်လို့ မြင်းကျဒိုးကျေးရွာအုပ်စုရဲ့ ဥက္ကဋ္ဌက စာရေးသူကို ပြောပါတယ်။

**“ခရီးသွားများ အများဆုံးသွားရောက်လည်ပတ်ကြတဲ့ ဂဏန်းကျ ရေတံခွန်ဟာ လာရောက်လည်ပတ်သူ အင်မတန်များပြားတဲ့အတွက် လူမှုကွန်ရက်မှာတောင် နာမည်ကြီးလာခဲ့တဲ့ ရေတံခွန်တစ်ခုဖြစ်ပါတယ်။ ဂဏန်းကျခေါ် ဂဏန်းခွက်ကျ ရေတံခွန်ဟာ ကျောက်စက်ကျရေတံခွန် အမျိုးအစားဖြစ်ပြီး ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ရွာငံ-အောင်ပန်းလမ်းအနီး မြိုင်ရွာမှာရှိပါတယ်”**

ဒါ့အပြင် ပြဒါးလင်းဂူနဲ့ ညောင်ကျပ်ဆည်၊ ပန်းလောင်ပြဒါးလင်းဂူ သဘာဝထိန်းသိမ်းရေး ဘေးမဲ့တောစခန်း၊ ကျောက်ငှက်ဝံတွင်းဂူ၊ သဘာဝဆင်လည်ရေဝင်ဂူ၊ ပလောင်ရွာ၊ လင်းဝေးဂူ၊ လင်းဝေးနဂါးအင်းဂူ၊ နတ်သမီးရက်ကန်းစင်တောင်ရှုခင်းသာ၊ မြသပိတ်ရေပြာအိုင်၊ သဘာဝရေဖြူစမ်း ရေချိုးကန်၊ ကျောက်ခေါင်းဂူနဲ့ ဇော်ဂျီမြစ် ရေချိုးဆိပ်၊ မြို့ကြီးတောရကျောင်းနဲ့ မြို့ကြီးဆည်တို့ဟာလည်း ပြည်တွင်း ခရီးသွားဧည့်သည်တွေ အများဆုံး သွားရောက်လည်ပတ်ကြတဲ့နေရာတွေ ဖြစ်ပါတယ်။ မင်းပလောင်ရေပူစမ်းနဲ့ ပန်းလောင်မြစ်၊ ရနဲရေတံခွန်နဲ့ ကမ်းပါးနီ ကျောက်လုံးကြီးစခန်းက ကျောက်ခေတ်လူသားတို့ရဲ့ ဆေးရေးပန်းချီလက်ရာများကိုလည်း ပြည်တွင်းခရီးသွားတွေ လည်ပတ်ကြည့်ရှုကြလေ့ရှိပါတယ်။

သဘာဝကိုအခြေခံထားတဲ့တောတွင်း ခရီးကြမ်း Trekking ကိုလည်း ခရီးသွားဧည့်သည်တွေက စိတ်ဝင်တစား သွားရောက် လည်ပတ်ကြပါသေးတယ်။ ဒီလိုသဘာဝတရားရဲ့ လက်ဆောင်မွန်ကောင်းများကို ရရှိပိုင်ဆိုင်ထားတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဓနုမြေမှ ရွာငံဒေသရဲ့ ရေတံခွန်မြို့တော် ခရီးသွားလုပ်ငန်းဟာ ပြည်တွင်းခရီးသွားဧည့်သည်တွေကို ဆွဲဆောင်နိုင်ရုံသာမက ပြည်ပဧည့်သည်တွေရဲ့စိတ်နှလုံးကိုပါ ဆွဲသိမ်းယူနိုင်တဲ့ ခရီးသွားဒေသတစ်ခုအဖြစ် ကျော်ကြားလာမှာကတော့ အမှန်ပင်ဖြစ်ပါတော့တယ်။ ။



မြင်းကျဒိုးကျေးရွာအုပ်စုမှ ပေ ၁၀၀၀ ကျော်မြင့်သည့် ဆည်ကြီးကျရေတံခွန်။



ပြည်တွင်းခရီးသွားများအား ဆွဲဆောင်နိုင်သောနေရာတစ်ခုဖြစ်သည့် ရေပြာအိုင်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ဝါတွင်းကာလတွင် ဘုရားဖူးများဖြင့်စည်ကားလျက်ရှိ

**ညောင်ဦး စက်တင်ဘာ ၂**

ဝါခေါင်လပြည့်နေ့တွင် ပုဂံ-ညောင်ဦးရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် အခါကြီးရက်ကြီးမဟုတ်သည့် နေ့များတွင်ပင် ဘုရားဖူးများ အမြဲလာရောက်လျက်ရှိသည့် ဒေသဖြစ်ရာ အခါကြီးရက်ကြီးများနှင့် အလုပ်ပိတ်ရက်၊ ရုံးပိတ်ရက်၊ကျောင်းပိတ်ရက်များတွင် ဘုရားဖူးများလာရောက်မှု ပိုမိုများပြားလျက်ရှိသည်။

ဘုရားများကို ဝါတွင်းကာလအတွင်း အဖိတ်၊ ဥပုသ်နေ့များတွင် နံနက် ၄ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ ရွှေစည်းခုံဘုရားဂေါပက အဖွဲ့မှူး ဦးသန်းမြင့်ဦးက ဝါခေါင်လပြည့်နေ့တွင် နံနက် ၄ နာရီမှစတင်ကာ မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးများ ရွှေစည်းခုံစွယ်တော်မြတ်စေတီကြီးသို့ ဆွမ်းကပ်ရန်နှင့် ပရိတ်၊ ပဋ္ဌာန်းရွတ်ဖတ်ကြရန် ရောက်ရှိလာခဲ့ကြောင်း ပြောသည်။

ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ဂေါပကထားရှိသည့် ဘုရား ၁၉ ဆူအား ဝါတွင်းကာလတွင် နံနက် ၅ နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ဝါခေါင်လပြည့်နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးများ လာရောက်သူများပြားခဲ့၍ မြင်းလှည်းအငှားလိုက်သူများ၊ လျှပ်စစ်စက်ဘီးနှင့် မီနီအိုးဝေ အငှားလိုက်သူများ၊ ပြည်တွင်းဧည့်လမ်းညွှန်များ၊ စားသောက်ဆိုင်များ၊ လက်ရေးပန်းချီဆွဲသူများ အလုပ်အကိုင်ကောင်းခဲ့ကာ ဟိုတယ်၊ တည်းခိုခန်းများတွင်လည်း ဧည့်သည်ဝင်ရောက်မှုများပြားခဲ့ကြောင်း သိရသည်။

ဝါခေါင်လပြည့်နေ့တွင် ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်းဘေးတစ်လျှောက် ဖွင့်လှစ်ထားရှိသည့် အညာရိုးရာထန်းတဲများတွင်လည်း ဘုရားဖူးကားများ ပြည့်နေကြောင်း၊ ဘုရားဖူးလာ ဧည့်သည်များသည် သမိုင်းဝင်အထင်ကရဘုရားများသို့သာ သွားရောက်ဖူးမြော်ကြသည်မဟုတ်ဘဲ ဘုရားသုံးဆူ၊ လေးမျက်နှာဘုရား၊ သစ္စာဝတီဘုရား၊ ဝတ္တနထော ဘုရားစု၊ ဆူးလေကုန်းဘုရား၊ ကျောက်မျက်မှော် ဘုရား၊ အရှေ့ဖက်လိပ်ဘုရား၊ အနောက်ဖက်လိပ် ဘုရား၊ စိမ်းညက်ညီအစ်မဘုရား၊ သိကြားပုန်းဘုရား၊ သိကြားဟစ်ဘုရား၊ ခြောက်ဘုရားလှ၊ နန်းဦးဘုရား၊ နတ်လှောင်ကျောင်း၊ ငကျွဲနားဋ္ဌောင်းဘုရား၊ ပုထိုးသားများဘုရား၊ ဥပါဋ္ဌိသိမ်၊ ရွှေလိပ်တူးဘုရားနှင့် လူသူအရောက်အပေါက်နည်းသည့် ဘုရားများသို့ ပြည်တွင်းဧည့်လမ်းညွှန်များငှားရမ်းကာ သွားရောက်၍ နံရံဆေးရေးပန်းချီနှင့် ရှေးဟောင်းအင်္ဂတေ ပန်းများကို လေ့လာကြကြောင်း သိရသည်။

**ဒီပါလင်း**




○ *ကျောဖုံးမှ*

ဘောလုံးအမျိုးသား၊ အမျိုးသမီး၊ ပိုက်ကျော်ခြင်း၊ ဝူရှူး၊ ရိုးရာလေ့၊ မြားပစ်အားကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် လာမည့် အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်းအနည်းငယ်သာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အမျိုးသမီးဘောလုံးအသင်းမှာမူ ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ယခုဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများအနက် ဝူရှူး၊ ပိုက်ကျော်ခြင်းနှင့် ရိုးရာ လေ့အားကစားနည်းများမှာ မေလက ကျင်းပသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိထားသည့် အားကစားနည်းများဖြစ်သည်။ မြန်မာအမျိုးသားဘောလုံးအသင်းမှာမူ အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုအစဉ်အလာကြီးမားခဲ့သည့်အသင်းဖြစ်ပြီး အမျိုးသမီးဘောလုံးအသင်းမှာမူ အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သော်လည်း ယခုနှစ်အတွင်းကျင်းပသည့် ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ရရှိထားသည်။ မြန်မာအားကစားအဖွဲ့သည် နောက်ဆုံးကျင်းပသည့် ၂၀၁၈ ခုနှစ် အာရှအားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်နှစ်ခု ရရှိထားသည်။

(၁၉)ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲတွင် မြားပစ်၊ ပြေးခုန်ပစ်၊ ရေကူး/ဒိုင်ဗင်/ဝါတာပိုလို၊ ဘတ်စကက်ဘော၊ လက်ဝှေ့၊ Breakdancing၊ ကနူး/ကယက်၊ ခရစ်စက်ဘီး၊ ရိုးရာလှေ၊ မြင်းစီး၊ ဓားရေး၊ ဟော်ကီဘောလုံး၊ ဂေါက်သီး၊ ကျွမ်းဘား၊ Handball၊ ဂျူဒို၊ Kabaddi၊ Martial arts (ဂျူဂျစ်ဆု၊ ကရာတေး၊ Kurash)၊ Mind sports (စစ်တုရင်၊ Bridge၊ Esports၊ Go၊ Xiangqi) Modern pentathlon၊ စကိတ်၊ အပြည်ပြည်ဆိုင်ရာလှေ၊ ရက်ဘီ၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ S port climbing၊ Squash၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သုံးမျိုးစုံ၊ ဘော်လီဘော၊ အလေးမ၊ နပမ်းနှင့် ဝူရှူးအားကစားနည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ရဲရင့်လွင်



## ရေတာရှည်တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် ဌာနဆိုင်ရာများစုပေါင်း၍ YGW မိဘမဲ့ကလေးများ စောင့်ရှောက်ရေးနှင့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းသို့ဆွမ်းဆန်၊ဆီနှင့်လှူဖွယ်ပစ္စည်းများလှူဒါန်း

ရေတာရှည် စက်တင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်၌ ရေတာရှည်တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ စုပေါင်း၍ ဆွာမြို့ ဆွာမြောက်ပိုင်းရပ်ကွက်ရှိ YGW မိဘမဲ့ကလေးများစောင့်ရှောက်ရေးနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်းခြင်း အခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆွာမြို့ YGW ပဓာနနာယကဆရာတော် ဘဒ္ဒန္တကောဝိဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် ရေတာရှည်တပ်နယ်မှူး ဗိုလ်မှူးကြီးသန်းလှိုင်ဝင်းနှင့် အရာရှိ၊ စစ်သည်များ၊ ရေတာရှည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ ဆွမ်းဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီးများ ဆေးကုသရေးအဖွဲ့တို့မှ ရဟန်းသံဃာများနှင့် မိဘမဲ့ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရာ ရေတာရှည်တပ်နယ်မှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ကြည့်ရှုအားပေးကြောင်း သိရသည်။

ရေတာရှည်(ပြန်/ဆက်)

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း၊ ကွက်အမှတ်နှင့် အမည်-၁-ပဒေသာ၊ ဦးပိုင်အမှတ်(၃၉၉)၊ ဧရိယာ၀ဒသမ၀၅၅ဧကရှိ မြေကွက် သည် ဂရန်အမှုတွဲအမှတ် (၀၃၂/၂၀၀၉-၂၀၁၀)အရ ဦးသန်းရှိန် အမည်ပေါက်လျက်ရှိပါသည်။ ယင်းမြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်တင်မြ(ဘ)ဦးမြင့်ဆွေ(ခ)ဦးလီကြာရင် ၁/မကန(နိုင်)၀၄၂၃၃၂မှ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးသီတာထံ ရောင်းချရန် ကမ်းလှမ်းလာရာ ၎င်း၏ကမ်းလှမ်းချက်ကို ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးသီတာမှ ဝယ်ယူရန်သဘောတူညီ၍ ၂၄-၈-၂၀၂၂ရက်က ရောင်းကြေးငွေများ၏တစ်စိတ်တစ်ဒေသအား ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ မြေ၊ အိမ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်း များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းဇော်(LL.B) (စဉ်-၁၀၃၉၂)
တရားလွှတ်တော်ရှေ့နေ
ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၇၈၆၆၆၉၉၈၆

### အများသိစေရန်ကြေညာချက်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခကျေးရွာနေ ဦးထွန်းအောင်၊ ဒေါ်မေဘ် ရီ တို့က ၎င်းတို့၏ သားသမီး(၅)ဦးတို့အား အိမ်ဝိုင်းတစ်ဝိုင်း၊ အိမ်တစ်လုံးနှင့် ငွေကျပ်သိန်းနှစ်ရာစီကို ခွဲဝေပေးပြီးဖြစ်၍ ကျန်ရှိသည့်ပစ္စည်းများအား မိဘနှစ်ဦး၏ ဆန္ဒအလျောက်ပြုလုပ်စီမံမည်ဖြစ်ပါသည်။

ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှစ၍ တစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးထွန်းအောင် ၉/ပမန(နိုင်)၀၉၄၉၇၀
ဒေါ်မေဘ်ရီ ၉/ပမန(နိုင်)၀၉၄၉၆၅



ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့တွင် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးဉာဏ ဦးဆောင်ပြီး ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၁ ရက်က တိုက်ကျောင်းဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ ပြုလုပ်စဉ်။ ခရိုင်(ပြန်/ဆက်)

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂ - ၉ - ၂၀၂၂

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၁၅ ကျပ် | ၂၄၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၉၀ ကျပ် | ၂၅၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၆၀ ကျပ် | ၂၃၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၇၀ ကျပ် | ၂၄၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ကိုဗစ် - ၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ

(၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၆၀၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၄၀၀ | ၉၄၀ | ၈၈၇၆၅၀၀ |
| MTSH | ၃၂၀၀ | ၃၁၅၀ | ၈၇၉၂ | ၂၇၈၀၃၉၀၀ |
| MCB | ၈၁၀၀ | ၈၀၀၀ | ၄၇၃ | ၃၇၈၅၀၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၃၅၄၄ | ၆၀၂၄၈၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၅၅၀ | ၁၃၄၇၅၀၀ |
| EFR | ၂၃၀၀ | ၂၃၀၀ | ၈၈၇ | ၂၀၄၀၁၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၄၃၅ | ၂၁၃၁၅၀၀ |
| MAEPC | ၁၉၀၀ | ၁၉၀၀ | ၁၆၈၇ | ၃၂၀၅၃၀၀ |

ညီညီ - စုစည်းသည်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
# လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| စဉ် | ရာထူး/လစာနှုန်းကျပ် | ခန့်ထားမည့် ရာထူးနေရာ | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၅၀ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရမည်။ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ |
| (ခ) | ငွေကိုင်-၄ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၂၅ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရမည်။ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ |
| (ဂ) | ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၄၄ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရမည်။ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ |
| (ဃ) | ယာဉ်မောင်း-၅ (၁၆၂၀၀၀-၂၀၀၀- ၁၇၂၀၀၀) | ၄ | ယာဉ်မောင်းလိုင်စင်(ခ) ရရှိပြီးသူဖြစ်ရမည်။ ယာဉ်မောင်းအတွေ့အကြုံ(၂) နှစ်ရှိရမည်။ |
| (င) | ရုံးအကူ/စာပို့ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၀ | အခြေခံပညာအလယ်တန်းအောင်မြင်သူ |
| (စ) | အစောင့် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၀ | အခြေခံပညာမူလတန်းအောင်မြင်သူ |

၂။ အဆိုပါ ရာထူးနေရာများအား အောက်ပါ ရုံးချုပ်နှင့်တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများတွင် ယှဉ်တွဲဖော်ပြပါ အရေအတွက်အတိုင်း ခန့်အပ်သွား ပါမည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အငယ်တန်း စာရေး | ငွေကိုင် (၄) | ဒု-လ/ထ ကွန်ပျူတာ လုပ်ဆောင် ရေးမှူး | ယာဉ် မောင်း (၅) | ရုံးအကူ /စာပို့ | အစောင့် | စုစု ပေါင်း ဦးရေ |
|---|---|---|---|---|---|---|---|---|
| ၁ | ရုံးချုပ် | ၈ | - | ၁၀ | ၄ | - | - | ၂၂ |
| ၂ | နေပြည်တော် | ၂ | ၁ | ၁ | - | - | - | ၄ |
| ၃ | ကချင်ပြည်နယ် | ၂ | ၁ | ၂ | | ၁ | ၁ | ၇ |
| ၄ | ကယားပြည်နယ် | ၁ | ၁ | ၁ | - | - | - | ၃ |
| ၅ | ကရင်ပြည်နယ် | ၂ | ၁ | ၁ | - | ၁ | ၁ | ၆ |
| ၆ | ချင်းပြည်နယ် | ၁ | ၁ | ၁ | - | - | - | ၃ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး | ၅ | ၃ | ၄ | - | ၂ | - | ၁၄ |
| ၈ | တနင်္သာရီတိုင်းဒေသကြီး | ၂ | ၁ | ၁ | - | - | ၁ | ၅ |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၅ | ၄ | ၄ | - | ၂ | ၁ | ၁၆ |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၃ | ၂ | ၃ | | | ၂ | ၁၀ |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | ၄ | ၂ | ၃ | - | - | - | ၉ |
| ၁၂ | မွန်ပြည်နယ် | ၂ | ၁ | ၂ | - | ၁ | ၁ | ၇ |
| ၁၃ | ရခိုင်ပြည်နယ် | ၂ | ၁ | ၂ | - | ၁ | - | ၆ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၃ | ၁ | ၂ | - | - | ၁ | ၇ |
| ၁၅ | ရှမ်းပြည်နယ် | ၃ | ၂ | ၂ | - | ၁ | ၁ | ၉ |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၅ | ၃ | ၅ | - | ၁ | ၁ | ၁၅ |
| | စုစုပေါင်း | ၅၀ | ၂၅ | ၄၄ | ၄ | ၁၀ | ၁၀ | ၁၄၃ |

၃။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အမှတ်စဉ်( က)၊(ခ)နှင့် (ဂ) များအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ ၃၁-၈-၂၀၂၃ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ပြီး၊ ရွေးချယ်ခန့်ထားခြင်းခံရပါက ဌာနတွင်းဖွင့်လှစ်သည့် သင်တန်းများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်သည့် သင်တန်းများ တက်ရောက်နိုင်သူဖြစ်ရမည်။

(ဂ) အမှတ်စဉ် (ဃ) လျှောက်ထားသူများသည်ယာဉ်မောင်းလိုင်စင်(ခ)ရရှိပြီးသူ ဖြစ်ပြီး ယာဉ်မောင်းအတွေ့အကြုံ(၂)နှစ်ရှိရမည်။ ၃၁-၈-၂၀၂၃ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက်(၃၅) နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။နိုင်ငံ့ဝန်ထမ်းဖြစ်ပါက (၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) အမှတ်စဉ် (င) လျှောက်ထားသူများသည် အခြေခံပညာအလယ်တန်းအဆင့် အောင် မြင်ပြီး ၃၁-၈-၂၀၂၃ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက်(၃၀)နှစ် ထက်မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက(၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(င) အမှတ်စဉ် (စ) လျှောက်ထားသူများသည် အခြေခံပညာမူလတန်းအဆင့် အောင်မြင်ပြီး ၃၁-၈-၂၀၂၃ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက (၅၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(စ) ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲ၏ ခွင့်ပြုချက်ပါ ရှိရမည်။

(ဆ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး နေ့/ည တာဝန်ထမ်းဆောင်နိုင်သူ၊ ငွေကြေးအရှုပ်အရှင်းကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၄။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ် ဘဏ်ခွဲအသီးသီးတွင်လည်းကောင်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၏ Website (https://www.madb.gov.mm)တွင် download ပြုလုပ်၍ သော်လည်းကောင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထား များပူးတွဲတင်ပြရမည် -

(က) ဘွဲ့လက်မှတ်မိတ္တူ၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန် ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) အိမ်ထောင်စုစာရင်းမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် တိုင်းဒေသကြီး ပြည်နယ်/ခရိုင်/မြို့နယ် ရဲစခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊

(စ) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃) ပုံ၊

၅။ လျှောက်ထားသူများသည် လျှောက်လွှာများကို ရုံးချုပ်( စီမံခန့်ခွဲရေးဌာနခွဲ )၊ အမှတ်(၂၆/ ၄၂) ၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ်ဘဏ်ခွဲ များသို့ (၂၉-၉-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၆။ ရွေးချယ်ခြင်းခံရပါက အနည်းဆုံး( ၃ )နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက်ရေးထိုးရမည်။

၇။ လျှောက်ထားသူများကို အောက်ပါအချိန်ဇယားအတိုင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) နှင့်သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဘဏ်ခွဲအသီးသီးတွင်အရည်အချင်းစစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါသည်-

| စဉ် | လျှောက်ထားသည့်ရာထူး | ဖြေဆိုမည့်ဘာသာရပ် | နေ့ရက်/အချိန် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး/ ငွေကိုင်-၄ / ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | အထွေထွေဗဟုသုတ (ရေးဖြေ) | (၁၄-၁၀ -၂၀၂၃) ရက် နံနက် (၁၀:၀၀ ) နာရီမှ (၁၁:၃၀)နာရီအထိ |
| (ခ) | အငယ်တန်းစာရေး/ ငွေကိုင်-၄ / ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်း | (၁၅ - ၁၀ - ၂၀၂၃) ရက် နံနက် (၁၀:၀၀)နာရီမှ (၁၁:၀၀) နာရီအထိ |
| (ဂ) | အငယ်တန်းစာရေး/ ငွေကိုင်-၄ / ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | လူတွေ့ / နှုတ်ဖြေ | (၁၆ -၁၀-၂၀၂၃) ရက် နံနက်(၁၀:၀၀ )နာရီ |
| (ဃ) | ယာဉ်မောင်း-၅ | လူတွေ့ / နှုတ်ဖြေ | (၁၆ -၁၀-၂၀၂၃)ရက် နံနက်(၁၀:၀၀) နာရီ |
| (င) | ရုံးအကူ/စာပို့ ၊ အစောင့် | လူတွေ့ / နှုတ်ဖြေ | (၁၆ -၁၀-၂၀၂၃)ရက် နံနက်(၁၀:၀၀)နာရီ |

၈။ ဖြေဆိုခွင့်ရရှိသူများ စာရင်းများကို (၁၂-၁၀-၂၀၂၃)ရက်နေ့တွင် ရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်ဘဏ်ခွဲများတွင် ကြေညာပေးသွားမည်ဖြစ်ပြီး စာမေးပွဲလာရောက် ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း) ပါရှိရမည်။

၉။ ရွေးချယ်ခန့်ထားသည့်အမည်စာရင်းကို ရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်ဘဏ်ခွဲများတွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ အောက်ပါတယ်လီဖုန်းနံပါတ် များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များ |
|---|---|---|
| ၁ | ရုံးချုပ် | ၀၁-၃၉၁၂၃၂ ၊ ၀၉-၄၄၂ ၆၆၄ ၆၆၄ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၆၅၀၄၀၂ |
| ၃ | နေပြည်တော် | ၀၆၇-၅၅၀၃၄၆ |
| ၄ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၂၅၂၆ |
| ၅ | ကယားပြည်နယ် | ၀၈၃-၂၂၂၁၀၃၆ |
| ၆ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၃၉၈ |
| ၇ | ချင်းပြည်နယ် | ၀၉-၄၀၀၃၁၁၈၇၁ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၃၇၂၅ |
| ၉ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၁၂၅၇ |
| ၁၀ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၃၀၀၇၇ |
| ၁၁ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၆၆၈၀ |
| ၁၂ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၃၄၉၃ |
| ၁၃ | မွန်ပြည်နယ် | ၀၅၇-၂၄၈၀၃ |
| ၁၄ | ရခိုင်ပြည်နယ် | ၀၄၃-၂၃၅၇၈ |
| ၁၅ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၃၉ |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၂၉၁၂၇ |

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အောက်လမ်းမကြီး၊ အကွက်အမှတ်နှင့်အမည် (၄၃/ရွှေတောင်)၊ ဦးပိုင်အမှတ်(၈^က)၊ ဧရိယာ ၀ ဒသမ ၁၁၂ ဧကရှိ မြေသည် မော်လမြိုင်မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန(၁-က)စာရင်းတွင် ဦးဘိန်ချောင်း အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးဘိန်ချောင်းနှင့် ဇနီး ဒေါ်ကင်ကီး တို့ကွယ်လွန်ပြီးနောက် ၎င်းတို့ ကျန်ရစ်ခဲ့သောအထက်ဖော်ပြပါအိမ်နှင့်မြေကို အမွေဆက်ခံခွင့်ရှိသော သားသမီး(၈)ဦး တို့သည် မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကျမ်းကျိန်လွှာမှတ်ပုံတင်စာချုပ်အမှတ်-၉၃/၂၀၁၈ နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်မှတ်ပုံတင်စာချုပ်အမှတ် ၉၄/၂၀၁၈ အရ အမွေဆက်ခံထားကြပါသည်။ အမွေဆက်ခံသူ ဒေါ်သင်းသင်းအေး ပါ(၈)ဦး အနက်မှ ဒေါ်ဌေးဌေးဝင်း၊ ဦးထွဋ်မော်နှင့် ဒေါ်နီလာဝင်းတို့မှ ဒေါ်သင်းသင်းအေး၊ ဒေါ်ခင်သီတာ၊ ဦးမင်းသန်း၊ ဦးထွန်းလင်းကျော်နှင့် ဒေါ်ခိုင်ဖြိုးလှိုင်တို့အား အပြီးအပိုင်စွန့်လွှတ်ခြင်း မှတ်ပုံတင်စာချုပ်အမှတ်-၆၃/၂၀၁၈ အရ စွန့်လွှတ်စာချုပ်ပြုလုပ်၍ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ကြပါသည်။ ထို့နောက် ဦးမင်းသန်း၊ ဦးထွန်းလင်းကျော်နှင့် ဒေါ်ခိုင်ဖြိုးလှိုင်တို့မှ ဒေါ်သင်းသင်းအေးနှင့် ဒေါ်ခင်သီတာတို့အား အထက်ဖော်ပြပါ ဧရိယာအနက်မှ A အမှတ်ပြ ၀ ဒသမ ၁၀၉ ဧကကို အိမ်နှင့်မြေကွက် အပြီးအပိုင်စွန့်လွှတ်ခြင်း စာချုပ်မှတ်ပုံတင်စာချုပ်အမှတ် ၂၃၄/၂၀၂၃ အရ ထပ်မံစွန့်လွှတ်စာချုပ် ပြုလုပ်၍ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ကြပါသည်။ ယခုအခါ ဒေါ်သင်းသင်းအေးနှင့် ဒေါ်ခင်သီတာတို့သည် အထက်ဖော်ပြပါမြေကို ၎င်းတို့၏အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အမည်ပြောင်း လျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါသည်

